The Mirror

၁၃၆၆ ခုနှစ်၊နယုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့၊ (14-6-2004) (၄၂၆၄)

ပူဇာစ ပူဇနေယျာနံ၊ တေံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နည်းပညာကောလိပ်(ကလေး)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အစိုးရနည်းပညာကောလိပ်(ကလေး)၏ သုံးထပ်ပင်မ အဆောက်အအုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်ရောက်အောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိ အမျိုးသားညီလာခံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် ပထမဆုံး၊ အရေးကြီးဆုံးအဆင့်ဖြစ် ညီလာခံ၌ တိုင်းရင်းသားကိုယ်စားလှယ်များရော လူထုလူတန်းစားကိုယ်စားလှယ်များပါ စုံညီစွာတက်ရောက် မူဝါဒလမ်းစဉ်(၇)ရပ်စလုံးအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ စစ်ကိုင်းတိုင်း ကလေးမြို့သို့ နံနက် ၉နာရီတွင် ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် ခင်မောင်အေး၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကလေးမြို့ စက်မှုဇုန်တွင် ခင်းကျင်းပြသထားသော အထွေထွေသုံး စက်ပစ္စည်းကိရိယာများနှင့် မောင်မြန်မာစူပါဂျစ်များကို လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၆-၂၀၀၄ (တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရာသီအလိုက် သီးနှံစုံ စိုက်ပျိုးနိုင်ရေး တောင်သူလယ်သမားများအား ပံ့ပိုးကူညီ

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ စားနပ်ရိက္ခာ ပြည့်စုံဖူလုံစေရေးကို အထောက်အကူပြုလျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုလုပ်ငန်းများသည် နိုင်ငံတော်၏ ပင်မစီးပွားရေးလုပ်ငန်းများဖြစ်သည်။ ထို့အပြင် နိုင်ငံသူ၊ နိုင်ငံသားအများစုကြီးဖြစ်သည့် တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်း ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍကို အားပေးမြှင့်တင်ပေးခြင်းသည် နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းခိုင်မာမှုကို အထောက်အကူပြုစေသည်။ တစ်ချိန်တည်းတွင် ပြည်သူအများ၏ စားဝတ်နေမှု၊ လူနေမှုအဆင့်အတန်း မြင့်မားမှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအတွက် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ ယခုအခါ တစ်နိုင်ငံလုံးတွင် ဆည်မြောင်းတာတမံပေါင်း ၁၆၀ ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်က စိုက်ပျိုးရေ ရရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ရှာဖွေကြံဆ စီမံဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ စိုက်ပျိုးရေ ရရှိနေသည့် ဒေသနေ တောင်သူလယ်သမားကြီးများကလည်း မြေလွတ်မြေလပ်မကျန် ဝီရိယစိုက်ထုတ် ကြိုးပမ်းစိုက်ပျိုးသွားကြရန် လိုအပ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော်ကို ဗဟိုပြု၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် မိုင် ၃၀ ပတ်လည်အတွင်း စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေး၊ ကြားကွက်လပ်မရှိ နွေ၊ မိုး၊ ဆောင်း ထာဝရ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားထားသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စိုက်ပျိုးရေးဖြစ်ထွန်းသော မြေများတွင် စပါး၊ ပဲအမျိုးမျိုးစသည့်သီးနှံများအနက် အချိန်ရာသီနှင့် သင့်လျော်သော သီးနှံအမျိုးအစားများကို နွေ၊ မိုး၊ ဆောင်း ၁၂ ရာသီမပြတ် စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းတွင် နှစ်စဉ် မိုးစပါးဧက ၁၁ သိန်း ခုနစ်သောင်းကျော်နှင့် နွေစပါးဧက နှစ်သိန်းငါးသောင်းခန့် စိုက်ပျိုးလျက်ရှိသည်။ မိုးစပါးများကို အချိန်စောစော စိုက်ပျိုးပြီးမှသာ ရိတ်သိမ်းချိန်စောပြီး ဆောင်းသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် နွေစပါးများကို အချိန်မီ ဆက်လက်စိုက်ပျိုးနိုင်ကြမည်ဖြစ်သည်။ တောင်သူလယ်သမားကြီးများက တစ်နှစ်တစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးနိုင်ရေး အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။

ယခုအခါ စပါးကို တစ်မိုးနှစ်သီး၊ မတ်ပဲ သို့မဟုတ် ပဲတီစိမ်းတစ်သီးနှင့် မိုးစပါး၊ ပဲ၊ နွေစပါးစသည့် နည်းများဖြင့် တစ်နှစ်သုံးသီးစား နည်းစနစ်များဖြင့် စိုက်ပျိုးနေကြပြီဖြစ်သည်။ တောင်သူလယ်သမားများက တစ်နှစ် သုံးသီးစားစနစ်ဖြင့် အောင်မြင်စွာ စိုက်ပျိုးသွားပါက စီးပွားရေးတွက်ခြေကိုက်ပြီး ဝင်ငွေတိုးကာ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာနိုင်မည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည်တွင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးနှင့် မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်များ ၁၂ လရာသီ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တော်ဝန်းကျင် မိုင် ၃၀ ပတ်လည်အတွင်း စပါးနှင့် ရာသီအလိုက် သင့်လျော်သော အခြားသီးနှံများ ၁၂ ရာသီမပြတ် စိုက်ပျိုးနိုင်ရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် တာဝန်ရှိသူအသီးသီးတို့က တောင်သူလယ်သမားများနှင့် မပြတ်ထိတွေ့စည်းရုံးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို လှည့်လည် စစ်ဆေး ကြပ်မတ်ကြစဉ်။
(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၃

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ကော်မတီဝင်များဖြစ်ကြသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ရဲရေးချုပ် ရဲမှူးချုပ်စိုးမြင့်ထွန်း၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ အမှတ်(၁) တပ်ထိန်းတပ်(လေ) တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးဘော်ထင်နှင့် ဦးတင်အောင်၊ ကော်မတီအတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည် စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်) နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၃

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇နာရီမှ စတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းက ဒါရိုက်တာ မောင်ဝဏ္ဏ ရိုက်ကူးပြီး သရုပ်ဆောင် လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ မြတ်ကေသီအောင်နှင့် အိဖြူစိုးတို့ ပါဝင်သရုပ်ဆောင်ထားသည့် "ရင်ထဲက ဆောင်းရာသီ" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေသည်။ (သတင်းစဉ်)

မေ ၂၉ရက်က ကွယ်လွန်သူဖခင်ကြီး ဦးသိန်းမောင်အား ရည်စူး၍ အမှတ် (၁၀) မာလာမြိုင်လမ်း ဘောက်ထော် ရန်ကင်းမြို့နယ်နေ ကျန်ရစ်သူမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဘညာဏ်က လက်ခံယူစဉ်။ (က-ပ)

ချိန်တန်သခိုက် ဥယျာဉ်ခိုက်

* ဒို့ရွာကြီးတွက်၊ သစ်သီးပန်းမန်
ဥယျာဉ်ခြံကို၊ ချိန်တန်သခိုက်
အားစိုက်ကြိုးစား၊ ဒို့ရွာသားတွေ
စိုက်ပျိုးလေမှ၊ ပသာဒနှင့်
လှပဥယျာဉ်၊ ဒို့ရပ်ခွင်ဝယ်
တင့်တယ်ထည်ဝါ၊ ဖြစ်ပေါ်လာလိမ့်။

* ကျန်းမာရေးမှာ၊ သွေးလေဖောက်ပြား
ဖြစ်သူများကို၊ စောင့်စားနေလျှင်
ဥယျာဉ်နေရာ၊ မြေဆီလွှာပျက်
ထလျက်ဖုန်းဆိုး၊ ရုပ်ဆိုးကျည်းတန်
အမြန်မကြာ၊ ဖြစ်ပေါ်လာလိမ့်။

* ဒို့ရွာကျက်သရေ
ဖြစ်ထွန်းလေအောင်၊ ဒို့တွေတစ်သိုက်
ချိန်တန်ခိုက်တွင်၊ အားစိုက်ညီညာ
လုပ်ကြပါစို့ လုပ်ကြစို့။ ။

နွယ်ချို

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၂-၆-၂၀၀၄)

ရန်ကုန်(မြို့လယ်)	၅ လက်မ	
ရန်ကုန်(မင်္ဂလာဒုံ)	၄ ဒသမ	၄၉ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၄ ဒသမ	၂၁ လက်မ
မှော်ဘီ	၃ ဒသမ	၉၈ လက်မ
မုံရွာ	၂ ဒသမ	၉၅ လက်မ

စာအောင်ဆုနှင်းပွဲနှင့် အလှူရှင်ဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက်၏ ခုနစ်နှစ်ပြည့် အထိမ်းအမှတ် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအောင်မြင်သူများ ဆုနှင်းသဘင်နှင့် ပန်းတစ်ပွင့်တောင်ဘုရားအလှူရှင်များ၊ ပန်းတစ်ပွင့်တောင်ဆရာတော် ပစ္စည်းလေးပါးအလှူရှင်များအား ဂုဏ်ပြုလွှာချီးမြှင့်ပွဲကို ဝါဆိုလဆန်း ၃ ရက်၊ ဇွန် ၁၉ရက် (စနေနေ့)နံနက်ရှာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ တပည့်များ၊ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ကမ္ဘာ့သွေးလှူရှင်များနေ့

ဒေါက်တာတင်ညွန့်(ညွှန်ကြားရေးမှူး၊ခေတ်ခွဲ)

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော လူတို့၏အသက်ကို သွေးနှင့် သွေးပစ္စည်းများ ပေးသွင်းခြင်းဖြင့် ကယ်တင်လျက်ရှိပါတယ်။ သွေးလှူရှင်များစွာဟာ စေတနာအပြည့်နဲ့ မည်သည့်လက်ဆောင်ပဏ္ဏာ၊ ငွေကြေးကိုမျှ မမျှော်ကိုးဘဲ လှူခဲ့ကြတဲ့အပြင် မိမိသွေးကို လက်ခံလိုက်တဲ့ လူနာကိုတောင် တွေ့မြင်ကြရဖို့ အခွင့်အလမ်း အထူးနည်းပါးလှပါတယ်။

သို့သော်လည်း လူနာများဟာ ရာနှုန်းပြည့် သွေးကောင်းသွေးသန့် အစဉ်အမြဲရရှိနေတယ်လို့ အာမမခံနိုင်သေးတဲ့ အချိန်ဖြစ်ပါတယ်။ နှစ်စဉ် ကမ္ဘာတစ်ဝန်းလုံး သွေးယူနစ်ပေါင်း သန်း ၈၀လောက် လှူဒါန်းနေကြတဲ့ အထဲမှာ ဖွံ့ဖြိုးဆဲတိုင်းပြည်များက ၃၈ ရာခိုင်နှုန်း၊ ဖွံ့ဖြိုးပြီးတိုင်းပြည်များက ၈၂ ရာခိုင်နှုန်း ရှိတယ်လို့ စာရင်းဇယားများအရ သိရပါတယ်။ ဒ့ါအပြင် အချို့သောတိုင်းပြည်များမှာ လူနာအနေနဲ့ သူ့ရဲ့ဆွေမျိုးသားချင်း၊ မိတ်ဆွေထံမှ သွေးရရှိတာ၊ အချို့ငွေပေးပြီး ဝယ်ရတာတွေ ရှိနေပါသေးတယ်။

ဒါကြောင့် သုတေသနပြုချက်များအရ စေတနာအလျောက် လာရောက်လှူဒါန်းသူ သွေးလှူရှင်များသာလျှင် လုံခြုံစိတ်ချရသော သွေးကောင်းသွေးသန့် ပိုင်ရှင်များဖြစ်ကြပါတယ်။ လုံခြုံစိတ်ချရသော သွေးကောင်းသွေးသန့်ကသာ အလွန်ကြောက်စရာကောင်းအောင် အသက်အန္တရာယ်ပေးတဲ့ HIV နဲ့ အသည်းရောင်အသားဝါရောဂါပိုးများ ကူးစက်ခြင်းဘေးမှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ စေတနာရှင် သွေးလှူရှင်ပုဂ္ဂိုလ်များကို အကြောင်းပြုပြီး ကမ္ဘာ့ သွေးလှူရှင်နေ့ရယ်လို့ ပေါ်ပေါက်လာတာဖြစ်ပါတယ်။

ဆေးပညာလောကရဲ့ ပထမဆုံးမှတ်တမ်းတင်ထားတဲ့ သွေးသွင်းမှုကို ၁၆၆၅ ခုနှစ်မှာ ခွေးအချင်းချင်းမှာ ပြုလုပ်ခဲ့ရာ အောင်မြင်မှု မရရှိခဲ့ပါဘူး။ သို့သော်လည်း ပထမဆုံးသော အသက်ရှင်ခွင့်ရတဲ့ သွေးသွင်းကုသမှုကို တွေ့ကြုံခဲ့သူကတော့ ၁၈၈၁ ခုနှစ်ထဲမှာ အင်္ဂလန်နိုင်ငံမှ သားဖွားမီးယပ် ပါရဂူကြီး Dr. Janes Bundell ဖြစ်ပါတယ်။

၁၉၀၁ ခုနှစ်ထဲမှာပဲ Karl Landsteiner ဆိုတဲ့ ဆေးပညာရှင်ကြီးက သွေးအုပ်စုများဖြစ်တဲ့ A, B, Oကို ရှာဖွေတွေ့ရှိပြီးနောက်ပိုင်း A, B, O သွေးအုပ်စု တူသူများကိုသာ သွေးသွင်းကုသမှုပြုခဲ့တဲ့အတွက် အသက် သေဆုံးမှု နည်းစပြုလာပါတယ်။ အဲဒီလိုစွမ်းဆောင်မှုများကြောင့်ပဲ Karl Landsteiner ဟာ ဆေးပညာဆိုင်ရာ နိုဗယ်လ်ဆု ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ သိပ္ပံပညာရှင်များရဲ့ အဆင့်ဆင့်သုတေသနပြုမှုများကြောင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှစပြီး သွေးသွင်းကုသမှုကို အောင်မြင်တွင်ကျယ်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၉၇၅ ခုနှစ် မေ ၂၉ ရက်နေ့ ကျင်းပခဲ့တဲ့ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ညီလာခံရဲ့ Resolution WHA 28.72 မှာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများအနေနဲ့ သွေးသွင်းကုသမှု သွေးဘဏ်လုပ်ငန်းကိုတိုးမြှင့်ပြီး အထောက်အပံ့ပေး ဆောင်ရွက်ကြဖို့ အတိအလင်းဆိုခဲ့ပါတယ်။

သို့သော်လည်း ၁၉၈၀ပြည့်လွန်နှစ်များ ရောက်တဲ့အချိန်မှာ သွေးသွင်း ကုသမှုကို အဟန့်အတားဖြစ်စေခဲ့ တာကတော့ ရောဂါဆိုးကြီးဖြစ်တဲ့ ခုခံအားကျဆင်းမှုရောဂါနဲ့ အသည်းရောင်ဘီနှင့် စီရောဂါ စတာတွေပေါ်ပေါက် လာတဲ့အခါမှာ သွေးသွင်းကုသမှုကြောင့် အသက်ရှင်နိုင်ခြင်း၊ အသက်ဆက် နိုင်ခြင်းရှိသလို အပြစ်ကင်းတဲ့ မိသားစုကိုလည်း ဒုက္ခပေးနိုင်ခြင်းရှိတယ်ဆိုတာ မျက်ဝါးထင်ထင်တွေ့မြင်လာခဲ့ရပြီးဖြစ်ပါတယ်။ သွေးကို တစ်ကြိမ်တစ်ခါတည်း စမ်းသပ်စစ်ဆေးရုံမျှနဲ့ ရောဂါဆိုးများရဲ့ အန္တရာယ်ကို အပြည့်အဝ ကာကွယ်နိုင်ခြင်း မရှိဘူးဆိုတာ သိရှိလာရပါတယ်။ တစ်နည်းအားဖြင့် သွေးသန့်မသန့်ဆိုတာဟာလည်း သွေးလှူဒါန်းသူရဲ့ နေထိုင်မှုအကျင့်စရိုက်နဲ့ တိုက်ရိုက်ဆက်သွယ်နေတာမို့ အထူးအရေးကြီးလာပြီဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၀ ပြည့်နှစ် ကမ္ဘာ့ကျန်းမာရေးနေ့မှာ ကမ္ဘာ့သွေးလှူရှင်များကို ဂုဏ်ပြုစေလိုခဲ့တဲ့ရည်ရွယ်ချက်နဲ့ Blood Saves Lives, Safe Start withMe **သန့်စင်သွေးအစမိမိက သက်ပေါင်းများစွာ ကယ်တင်ရ** ဆိုတဲ့ ဆောင်ပုဒ်နဲ့ စတင်ခဲ့ပါတယ်။ ဒ့ါအပြင် သွေးဘဏ်လုပ်ငန်းများနဲ့ပတ်သက်ပြီး သင်တန်းများ၊ နည်းစနစ်များ တိုးချဲ့ဆောင်ရွက်စေခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ သွေးလှူရှင်များကို ဂုဏ်ပြုချီးကျူးကျေးဇူးတင်တဲ့ အနေနဲ့ **ကမ္ဘာ့သွေးလှူရှင်အဖွဲ့အစည်းကြီး** က A, B, O သွေးအုပ်စုများ တွေ့ရှိခဲ့သူ နိုလ်ဗယ်လ်ဆုရှင် Karl Landsteiner ရဲ့ မွေးနေ့ဖြစ်တဲ့ ဇွန် ၁၄ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် ရွေးချယ်သတ်မှတ် ကျင်းပ ခဲ့တာဟာ ၁၉၉၅ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ ကမ္ဘာ့သွေးလှူရှင်များနေ့ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူလူထုအတွင်းမှာ စေတနာအပြည့်နဲ့ လာရောက်ပြီး သွေးလှူဒါန်းနိုင်တဲ့ စေတနာသွေးလှူရှင်များ တိုးပွားရေးကို ဘက်ပေါင်းစုံက ဝိုင်းဝန်းကြိုးပမ်း စည်းရုံးဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော် ရေးပဲဖြစ်ပါတယ်။ ဒီနေ့ဟာ ကမ္ဘာ့သွေးလှူရှင်များနေ့ဖြစ်တဲ့အတွက် ဒီနေ့ တစ်ရက်တည်းသာ သွေးလှူဒါန်းခြင်းမျိုး မဟုတ်ဘဲ တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်လောက် ပုံမှန်လှူဒါန်းတဲ့ သူများဖြစ်ဖို့ လိုအပ်ပါတယ်။ ဒ့ါအပြင် အရွယ်ရောက်တဲ့ လူငယ်လူရွယ်တွေအနေနဲ့ ကောင်းမွန်တဲ့ လူနေမှု အကျင့် စရိုက်တို့ကို ထိန်းသိမ်းပြီး သွေးကောင်းသွေးသန့်ပိုင်ရှင်များအဖြစ် အစဉ်အမြဲ တည်တံ့နေအောင် ပုံမှန်စေတနာသွေးလှူရှင်များဖြစ်အောင် လုပ်ဆောင်ကြဖို့ တိုက်တွန်းထားပါတယ်။

ဒီနေ့ဟာ လူငယ်လူရွယ်များကို အားကိုးအားထားပြုရတဲ့နေ့ ဖြစ်ပါတယ်။ လူငယ်လူရွယ်များအနေနဲ့ ကောင်းမွန်တဲ့ လူနေမှုအကျင့်စရိုက်နဲ့အညီ ထိန်းသိမ်း နေခဲ့လို့ရှိရင် သွေးမှတစ်ဆင့်ကူးစက်တဲ့ရောဂါများကို စစ်ဆေးရပေမယ်လို့ လုံခြုံစိတ်ချမှု ရာခိုင်နှုန်းများပါတယ်။ သွေးကောင်းသွေးသန့်ဆိုတာဟာ သွေးကောင်းသွေးသန့်ရှိတဲ့ သွေးလှူရှင်များထံမှ ရရှိတာဖြစ်ပါတယ်။ ကမ္ဘာ တစ်ဝန်းလုံးမှာရှိတဲ့ သွေးလှူရှင်အသင်းများနဲ့ သွေးလှူရှင်အဖွဲ့များ International Federation of Blood Donor, Federation of Red Cross and Red Crescent Societies and International Societies of Blood Transfusion စတဲ့ အသင်းအဖွဲ့တွေဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းပြီး စေတနာသွေးလှူရှင်တိုးပွားရေးကို သတင်းမီဒီယာအလွှာ အသီးသီးမှ နေ၍ လှုံ့ဆော်ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် စေတနာ သွေးလှူရှင်များ တိုးပွားလာအောင် ဆောင်ရွက်ကြမှာဖြစ်ပါတယ်။

ယခု ၂၀၀၄ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ရဲ့ ဆောင်ပုဒ်ကတော့ Blood A Gift for life. Thank you **အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာဘဝတာ** ဖြစ်ပြီး မြန်မာနိုင်ငံမှာလည်း ကမ္ဘာ့သွေးလှူရှင် များနေ့အထိမ်းအမှတ် အခမ်းအနားများကို ဇွန် ၁၄ ရက်နေ့မှာ ကျင်းပမှာဖြစ်ပါတယ်။

တကယ်တော့ သွေးလိုအပ်လို့သေခြင်းတရားနဲ့ ရင်ဆိုင်အပြိုင်တိုက်ပွဲဝင် နေရတဲ့ လူနာများစွာဟာ စေတနာသွေးလှူရှင်များရဲ့သွေးကို စောင့်ဆိုင်းလျက် ရှိပါတယ်။ ကင်ဆာဝေဒနာရှင်တွေ၊ နှလုံးခွဲစိတ်ကုသရမယ့်လူနာတွေ၊ မီးလောင် ခံထားရတဲ့လူနာတွေ၊ မီးယပ်သားဖွားဆိုင်ရာလူနာတွေ၊ ထိခိုက်ဒဏ်ရာရသူတွေ၊ သွေးမတိတ်ရောဂါ ဝေဒနာရှင်တွေနဲ့ အခြားသွေးလိုအပ်နေတဲ့ ဝေဒနာရှင်တွေ အတွက် သွေးဌာန၊ သွေးဘဏ်လုပ်ငန်းများက အချိန်မီ သွေးပေးနိုင်ဖို့ အထူးကြပ်မတ် စီစဉ်ဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ ယခုလိုအချိန်မှာ သွေးဘဏ်လုပ်ငန်းရဲ့ ပင်မကျောရိုးအဖြစ် မှီခိုအားထားရတာဟာ ကျွန်တော် တို့ရဲ့ စေတနာသွေးလှူရှင်များပဲဖြစ်ပါတယ်။ သွေးလှူရှင်များအနေနဲ့ မိမိတို့ရဲ့ သွေးကို အစဉ်အမြဲသန့်နေအောင် ကောင်းမွန်ဆီလျော်တဲ့ လူနေမှုစရိုက်နှင့် အညီ ကျင့်သုံးနေထိုင်ဖို့တိုက်တွန်းလိုပါတယ်။ တစ်ဆက်တည်းမှာပဲ သွေးလှူရှင် များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေနဲ့ စေတနာ သွေးလှူရှင်များတိုးပွားလာရေးနဲ့ သွေးကောင်း သွေးသန့်အစဉ်အမြဲရှိတဲ့ သွေးလှူရှင်များတိုးပွားလာရေးတို့အတွက် စည်းရုံး လှုံ့ဆော်ပြီး **ကမ္ဘာ့သွေးလှူရှင်များနေ့**ကို ကြိုဆိုကြပါစို့။ ။

ကမ္ဘာ့သွေးလှူရှင်များနေ့

(၁၄-၆-၂၀၀၄)

World Blood Donor Day

(14-6-2004)

အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာဘဝတာ

Blood, a gift for life. Thank you

ကျန်းမာရေးဝန်ကြီးဌာန။

ညောင်ရိပ်သာ အဓိဋ္ဌာန် တရားစခန်း

ရန်ကုန် ဇွန် ၁၃

သာကေတမြို့နယ် ၁၀ တောင်ရပ်ကွက် ညောင်ရိပ်သာ လေးထပ်မွေ့ဗိမာန် နှင့် ငါးထပ် သဒ္ဓမ္မဇယန္တဗောဓိ ကောင်းကင်ပါသာဒသိမ်တော်တွင် ပဓာန နာယကဆရာတော် အရှင်ကေသရာဘိဝံသဦးစီး၍ လယ်တီဆရာတော်ကြီး၏ ကာယနုပဿနာနှင့် ဓာတုမနသိကာရနည်းအတိုင်း ဇွန် ၂၆ ရက်မှဇူလိုင် ၂ ရက် အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်း ဖောကြားပြသမည်ဖြစ်၍ တရားစခန်း ဝင်လိုသူ ယောဂီများသည် ဖုန်း ၅၄၇၀၂၅သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇွန် ၁၂ ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ အကျိုးဆောင်များအား ဂုဏ်ပြုပွဲတွင် စေတနာရှင်အကျိုးဆောင်များအား နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက တစ်ဦးချင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန် ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် – Science and Scientists (အင်္ဂလိပ်စာ-အထူးပြုအားလုံး)
၅:၃၀	၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၃၅	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၇။ မေးမြန်းစုံစမ်း
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ" (အပိုင်း-၁၂)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်က လှပ်ရှားစားသမား" (အပိုင်း-၁၀)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ

ရှင်းလင်းတင်ပြ

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော တောင်ငူတက္ကသိုလ်လမ်းမကြီးပေါ်ရှိ ကွန်ကရစ်တံတားပြင်ဆင်နေမှုကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးမောင်မောင်အောင် မေ ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဌေးညွန့်နှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

(က-ပ)

ဗြိတိန်နိုင်ငံ လေဘာပါတီ ပြည်သူထောက်ခံမှု ကျဆင်း အီရတ်စစ်ပွဲ အကျိုးဆက်ကြောင့်ဖြစ်ရဟု ဘလဲဝန်ခံ

လန်ဒန် ဇွန် ၁၂

ဗြိတိန်နိုင်ငံ၏ လက်ရှိအာဏာရပါတီသည် ဒေသန္တရရွေးကောက်ပွဲများတွင် အဓိကပါတီနှစ်ပါတီ၏နောက်မှ လိုက်နေပြီး တတိယနေရာသို့ ထိုးကျသွားရာ လေဘာပါတီ၏ အဆိုးရွားဆုံး အခြေအနေကိုပြသခြင်းသည် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် အီရတ်စစ်ပွဲအတွက် အလွန်တရာကြီးမားသည့် တန်ဖိုးပေးဆပ်ရမှုပင်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဝန်ခံ

အီရတ်စစ်ပွဲနှင့် ၎င်း၏အကျိုးဆက်သည် ပြည်သူလူထု မဲပေးဆုံးဖြတ်မှုတွင် အရေးပါသည့် အချက်ဖြစ်ကြောင်း ဘလဲနှင့်ဝန်ကြီးများက ဝန်ခံပြောကြားသည်။

အီရတ်စစ်ပွဲနှင့် အီရတ်နိုင်ငံဆိုင်ရာ ပြဿနာအရပ်ရပ်သည် မိမိတို့၏ ထောက်ခံမှုအပေါ် ဖုံးလွှမ်းသွားခဲ့ကြောင်း စကိုင်းသတင်းဌာနက တိုနီဘလဲအား ကိုးကား၍ ဖော်ပြသည်။

အီရတ်စစ်ပွဲသည် ရွေးကောက်ပွဲများတွင် အမှောင်ထု သို့တည်းမဟုတ် အရိပ်မည်းကြီးပမာ ဖုံးလွှမ်းသွားခဲ့ကြောင်း ဗြိတိသျှ ဒုတိယဝန်ကြီးချုပ် ဂျွန်စတော့က ဘီဘီစီ ရေဒီယိုသို့ ပြောကြားလိုက်သည်။

မိမိ၏ပါတီအား အပြင်းအထန် ဆန့်ကျင်၍ မဲပေးကြသည်မှာ အထင်အရှားပင် ဖြစ်ကြောင်း ဗြိတိသျှ ယဉ်ကျေးမှုဝန်ကြီးဖြစ်သူ အမျိုးသမီး တဲ့ဆာဂျိုဝဲလ်က သောကြာနေ့တွင် ဝန်ခံ ပြောကြားခဲ့သည်။

အင်္ဂလန်နှင့်ဝေးလ်ဒေသမှ ဒေသန္တရ ရွေးကောက်ပွဲရလဒ်သည် မကြာမီ ထွက်ပေါ်လာတော့မည်ဖြစ်ပြီး လေဘာပါတီသည် အမတ် ၄၀၆ နေရာနှင့် နယ်ယူးကက်ဆဲလ်၊ ဆယ်လ်ဆီးနှင့် လိစ်စသည့် မြို့တော်ကောင်စီနေရာများကို ဆုံးရှုံးခဲ့သည်။

အဓိကအတိုက်အခံ ကွန်ဆာဗေးတစ်ပါတီက အမတ်နေရာ ၂၁၀ ရရှိပြီး ဒုတိယအကြီးဆုံး အတိုက်အခံပါတီဖြစ်သည့် လစ်ဘရယ် ဒီမိုကရက်ပါတီက အမတ်နေရာ ၁၁၅ နေရာ ရရှိခဲ့သည်။

ဗြိတိသျှ မဲဆန္ဒရှင်များသည် လစ်ဘရယ် ဒီမိုကရက်ပါတီအား နှစ်သက် လိုလားခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းပါတီက အီရတ်စစ်ပွဲ ဆန့်ကျင်ပြီး ကောင်စီအကောက်ခွန်ကို ဖျက်သိမ်းရန် စီစဉ်နေသောကြောင့် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပိုလန်လှည့်ကင်းတပ်ဖွဲ့ ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံရ ဘဂ္ဂဒက်၌ ကာန်တပ်ဖွဲ့ တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇွန် ၁၂

အီရတ်နိုင်ငံအလယ်ပိုင်းတွင် ပိုလန်ဦးဆောင်သည့် နိုင်ငံစုံလုံခြုံရေးတပ်ဖွဲ့မှ လှည့်ကင်းတပ်ဖွဲ့တစ်ဖွဲ့သည် ဘဂ္ဂဒက်တောင်ပိုင်းဒေသတွင် စနေနေ့က တိုက်ခိုက်ခံရသည်။

အဆိုပါ တပ်ဖွဲ့ဝင်များသည် အယ်လ်ဟီလာမြို့အနီးတွင် ကင်းလှည့်လာစဉ် ညဥ့်လယ်နောက်ပိုင်းတွင် ဒုံးပစ်လောင်ချာများဖြင့် အတိုက်ခံရကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ထွက်ပြေး

လှည့်ကင်း တပ်ဖွဲ့ဝင်များက ပြန်လှန်ပစ်ခတ်သဖြင့် တိုက်ခိုက်သူများ ထွက်ပြေးကြကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံး

ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား ထောက်ခံသူများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်မှုများဖြစ်ပွားကြောင်း သတင်းများ ပေါ်ထွက်နေသည်။ အယ်လ်ဆာဒါမြို့တွင် ကွက်တိကွက်ကျား တိုက်ခိုက်မှုများ ဖြစ်ပွားနေရာတွင် တိုက်ခိုက်သူတစ်ဦး သေဆုံးပြီး အခြားလူအများအပြား ထိခိုက်ဒဏ်ရာရရှိကြသည်။

ဟန့်တား

အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ ရေနံပိုက်လိုင်းအား နောက်ထပ်ဖျက်ဆီးရန် ကြိုးပမ်းမှုကို ဟန့်တားနိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဆုံးရှုံး

ရေနံပိုက်လိုင်း လုပ်ငန်းများကို သီးခြားတိုက်ခိုက်ခဲ့မှုကြောင့် လွန်ခဲ့သည့် ခုနစ်လအတွင်း အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော် အီရတ်နိုင်ငံက ဆုံးရှုံးခဲ့ကြောင်း အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် အလာဝီက ယမန်နေ့က ပြောကြားသည်။

အင်တာနက်။

အီရတ်လုံခြုံရေးအခြေအနေ ယနေ့တိုင် ရှုပ်ထွေးနေဆဲ

မော်စကို ဇွန် ၁၂

မိမိ၏ တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့ စေလွှတ်ရန် အစီအစဉ်ရေးဆွဲထားခြင်းမရှိကြောင်း ရုရှားနိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ယာကိုဗင်ကိုက ပြောကြားသည်။

အီရတ်နိုင်ငံ၏ လုံခြုံရေး အခြေအနေမှာ ယနေ့ထက်တိုင် ရှုပ်ထွေးပွေလီလျက်ရှိနေကြောင်း၊ ရုရှားကုမ္ပဏီမှ ကျွမ်းကျင်သူများ အီရတ်နိုင်ငံသို့ ပြန်လည်သွားရောက်ရေးမှာ မသင့်တော်သေးကြောင်း၊ အီရတ်နိုင်ငံတွင် လိုအပ်သည့် အခြေအနေများ ဖော်ဆောင်ပေးနိုင်မှသာလျှင် ၎င်းတို့ သွားရောက်နိုင်မည်ဖြစ်ကြောင်း ယာကိုဗင်ကိုက ပြောကြားသည်။

အီရတ်နိုင်ငံ၏ ကြွေးမြီပြဿနာနှင့် စပ်လျဉ်း၍ မေးမြန်းရာ ယာကိုဗင်ကိုက ယင်းပြဿနာကို ပါရီကလပ်တွင် ဖြေရှင်းရမည်ဖြစ်ကြောင်း ပြောကြားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ နောက်ဆုံးဆုံးဖြတ်ချက်တွင် အီရတ်နိုင်ငံဆိုင်ရာ နိုင်ငံတကာ ညီလာခံကျင်းပရေးအချက်ပါဝင်ကြောင်း၊ သို့ရာတွင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ခြင်းမရှိသေးကြောင်း ယာကိုဗင်ကိုက ပြောကြားသည်။

ယင်းကဲ့သို့သော ညီလာခံ ကျင်းပရေးသည် အီရတ်နိုင်ငံအစိုးရသစ်အနေဖြင့် အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်မှု ဆက်လက်ထိန်းသိမ်းရာတွင် လိုအပ်သည်ဟု ရုရှားနိုင်ငံက ထင်မြင်ထားပြီး ယင်းညီလာခံမျိုး ပေါ်ပေါက်လာနိုင်မည်ဟု မျှော်လင့်ထားကြောင်းယာကိုဗင်ကိုက ပြောကြားသည်။

အင်တာနက်။

အီရတ်စစ်ပွဲကြောင့် ကျန်းမာရေးလုပ်ငန်း ပျက်ပြား

အမ္မန် ဇွန် ၁၂

အီရတ်ကျန်းမာရေး လုပ်သား၂၅ဦးသည် အီရတ်နိုင်ငံ၏ သူနာပြုလုပ်ငန်းအခန်းကဏ္ဍ မြင့်မားတိုးတက်စေမည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) အစီအစဉ်သစ်တစ်ရပ်အရ ဂျော်ဒန်နိုင်ငံတွင် လေ့ကျင့်ရေး သင်တန်းတစ်ရပ်ကို ပထမဆုံးအကြိမ် တက်ရောက်ခဲ့ကြကြောင်း ဂျော်ဒန်တိုင်းမ်စ်သတင်းစာ၏ ကြာသပတေးနေ့ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဂျော်ဒန် သိပ္ပံနှင့် နည်းပညာတက္ကသိုလ်နှင့် ဒဗလျူအိပ်ချ်အိုတို့၏ သဘောတူညီချက် တစ်ရပ်အရ စစ်ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပျက်ပြားခဲ့ရသော အီရတ်နိုင်ငံမှ ကျန်းမာရေးလုပ်သားများကို အဆိုပါတက္ကသိုလ်၌ လေ့ကျင့်သင်တန်းပေးခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပျက်စီး

ဇွန် ၁၂ ရက်က ဘဂ္ဂဒက်အနောက်ပိုင်းတွင် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်မှုကြောင့် ပျက်စီးနေသည့် ထရပ်ကားတစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မီးလောင်

ဇွန် ၁၁ ရက်က ဘဂ္ဂဒက်တောင်ပိုင်းတွင် ပြောက်ကျားတို့၏ လမ်းဘေးထောင် ဗုံးဖြင့်တိုက်ခိုက်မှုကြောင့် လောင်စာတင်ယာဉ်တစ်စီး မီးလောင်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်စစ်ယာဉ်တန်းကို ဘဂ္ဂဒက်တောင်ပိုင်းတွင် တိုက်ခိုက် အဝေးပြေးလမ်းအတိုင်း မောင်းနှင်စဉ် ဗုံးဖောက်ခွဲခံရ

ဘဂ္ဂဒက် ဇွန် ၁၂

အမေရိကန်စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းတစ်ခုသည် ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းဒေသရှိအဝေးပြေးလမ်းမကို ဖြတ်သန်းမောင်းနှင်လာစဉ် သောကြာနေ့က ဗုံးဖောက်ခွဲခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဒဏ်ရာရ

မိမိတို့ဘက်မှ တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး အသေအပျောက်မရှိကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦး အလုပ်ဆင်းနေကြပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

အဆိုပါ မော်တော်ယာဉ်တန်းသည် ဘဂ္ဂဒက်တောင်ပိုင်း ဆင်ခြေဖုံးဒေသဖြစ်သည့် ဆေဒီယာရှိ လမ်းပေါ် မောင်းနှင်လာခဲ့ရာမှ စာရေးကိရိယာများတင်လာသည့်ကားက ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

ယင်းဒေသသို့ ရဟတ်ယာဉ်များရောက်ရှိကာ ကောင်းကင်တွင် ပျံဝဲနေကြပြီး သံချပ်ကာကား ၁၀ စီးက အဝေးပြေးလမ်းမ၏နှစ်ဖက်မှ ပိတ်ဆို့ထားကြသည်။ ယင်းနေရာသို့ ပြည်သူအများနှင့် သတင်းစာဆရာများ မလာနိုင်ရန် တားမြစ်ထားသည်။

ပြောက်ကျားများက အမေရိကန်၏ မော်တော်ယာဉ်တန်းများအား လမ်းဘေးထောင်ဗုံးများ၊ ကားဗုံးများ၊ မြှုပ်မိုင်းများနှင့် ဒုံးပစ်လောင်ချာများသုံး၍ မကြာခဏ ပစ်မှတ်ထားတိုက်ခိုက်နေကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ခုခံတိုက်ခိုက်ရေးသမားများ ပစ်မှတ်ပြောင်းလဲ တိုက်ခိုက် ကန်တို့နှင့် ပူးပေါင်းသူ အီရတ်များ အသက်အန္တရာယ်စိုးရိမ်နေကြရ

ဘာကူဘာ(အီရတ်) ဇွန် ၁၂

ယခုအခါ အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် သိမ်းပိုက်ရေးတပ်များကို ပစ်မှတ်ထား တိုက်ခိုက်နေရာမှ ဒေသခံ အီရတ်များဘက်သို့ ဦးလှည့်လိုက်ကြသည်။ ထိုသို့ ပစ်မှတ်ပြောင်းလိုက်သည့်အတွက် အမေရိကန်စစ်ဘက်နှင့်တွဲ၍ အလုပ်လုပ်နေကြသော အီရတ်များမှာ ၎င်းတို့၏ အသက်အန္တရာယ်ကို စိုးရိမ်နေကြရသည်။

အမေရိကန်များထံတွင် အလုပ်လုပ်သော အီရတ်များကို သတ်ပစ်မည်ဟု ခြိမ်းခြောက်သောကိစ္စမှာ အဆန်း မဟုတ်တော့ပေ။ ပြီးခဲ့သောအင်္ဂါနေ့က အမေရိကန်တပ်စခန်းရှေ့တွင် အလုပ်ဝင်ရန် စောင့်ဆိုင်းနေကြသော အီရတ်များအနီးတွင် အသေခံ ကားဗုံးခွဲ တိုက်ခိုက်သည့်အဖြစ်နှင့် ကြုံခဲ့ရသည့်အတွက် အီရတ်နှစ်ဦး သေဆုံးပြီး အခြားဝန်ထမ်း ၃၀ ကျော်တို့ ဒဏ်ရာရရှိသွားသည်။

အီရတ်ဝန်ထမ်းတစ်ဦးက ၎င်းတို့ ခြိမ်းခြောက်စာနှစ်စောင် ရရှိခဲ့သည်ဟု ပြောပြသည်။ စာတစ်စောင်တွင် သူလျှို လုပ်ပေးနေသည့်အတွက် သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားပြီး အမေရိကန်များထံတွင် လုပ်နေသော အလုပ်မှ ချက်ချင်းထွက်ရန် တောင်းဆိုထားသည်။ မထွက်လျှင် သတ်ပစ်မည်ဟုပါ ခြိမ်းခြောက်ထားကြောင်း သိရသည်။

ခြိမ်းခြောက်ခံရသူ ဝန်ထမ်းမှာ ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက်ဆင်းရဲချို့တဲ့သူများ နေထိုင်ရာ ဒီယာလာ အရပ်မှ ဖြစ်သည်။ ထိုအရပ်တွင် အလုပ်လုပ်နိုင်သူ၏ ၅၀ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များ ဖြစ်နေကြသည့်အတွက် အခက်အခဲဖြစ်နေကြောင်း သိရသည်။

မိမိတို့အတွက် အခြေအနေသည် အလွန်ခက်ခဲပါသည်။ မိမိသည် ကျောင်းဆရာတစ်ဦး ဖြစ်သော်လည်း အလုပ်မရှိဘဲ ဖြစ်နေပါသည်။ အခြားအလုပ်သာ လုပ်စရာရှိနေလျှင် အမေရိကန်တွေဆီမှာ လုပ်နေတဲ့ အလုပ်က မိမိထွက်လိုက်မည်ဟု အလုပ်သမားတစ်ဦးက ယင်း၏ အခြေအနေကို ပြောပြသည်။

အမေရိကန်၏ စစ်ဘက်တွင် အလုပ်လုပ်နေသူ အခြားတစ်ဦးမှာ တက္ကသိုလ်ဆရာမတစ်ဦး ဖြစ်သည်။ သူမသည် စကားပြန်တစ်ဦးအဖြစ် အလုပ်လုပ်လျက်ရှိသည်။ ယခုအခါ သူမမှာ ကိုယ့်အီရတ်လူမျိုးများနှင့် ရောရောနှောနှောနေရန်ပင် မဝံ့ဘဲ ဖြစ်နေသည်။ အမေရိကန်များအတွက် ဒေသခံ စကားပြန်တစ်ဦးကို ရရန်အတွက် မလွယ်လှပါဟု ဟာနန်က ပြောပြသည်။

မိမိသည် မျက်နှာမှသည် တစ်ကိုယ်လုံးကိုဖုံးသော အဝတ်ကို ဝတ်ဆင်ပြီး သွားလာနေရပါသည်။ သို့တိုင်အောင် လူများက မိမိ၏ ပုံသဏ္ဌာန်ကို သိနေကြပါသည်ဟု ရှင်းပြသည်။ အမေရိကန်စစ်အရာရှိ ဗိုလ်မှာရှယ်ဂျက်ဆင်ကလည်း အင်အား ၁၇၀၀ ရှိသော အမေရိကန်တပ်ဖွဲ့တွင် စကားပြန်အလုပ်ကို လုပ်ကိုင်ပေးသူ ခုနစ်ဦးသာရှိကြောင်း ပြောကြားခဲ့သည်။

အနေကျပ်

ယခုအခါ အီရတ်စကားပြန် အများအပြားသည် ၎င်းတို့၏ လုံခြုံရေးအတွက် စိတ်ချရသော တပ်ဝင်းအတွင်း၌ နေထိုင်ကြသည်။ အမေရိကန်များနှင့် တွဲ၍ အလုပ်လုပ်နေသူ အီရတ်များ၏ အခြေအနေမှာ အန္တရာယ်များလှသည်။ အထူးသဖြင့် အမေရိကန်များက မြှောက်စားထားသော လူကုံထံ အသိုင်းအဝိုင်းမှာ ပို၍ အနေကျပ်ကြကြောင်း သိရသည်။

အီရတ်ကြားဖြတ်အစိုးရ အကြီးအကဲဟောင်းဖြစ်သူ ဇာဇီဒင်စလမ်းမှာ ဘဂ္ဂဒက်ရှိ အမေရိကန် စစ်ဌာနချုပ်အတွင်းသို့ ဝင်ရန် စောင့်ဆိုင်းနေစဉ် အသေခံ ကားဗုံးခွဲ တိုက်ခိုက်ခဲ့သည့်အတွက် မေ ၁၇ ရက်တွင် သေဆုံးခဲ့သည်။ ***အင်တာနက်။***

ဇွန် ၁၀ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြပွဲ ပြုလုပ်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အီရတ်တည်ငြိမ်ရေးအတွက် ဂျာမနီသံသယရှိ

ဘာလင် ဇွန် ၁၂

အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်သစ်သည် စစ်ကြောင့်ပျက်စီးနေသည့် အီရတ်နိုင်ငံ တည်ငြိမ်ရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဟုတ်၊မဟုတ် သံသယဖြစ်မိကြောင်းဖြင့် ဂျာမနီဝန်ကြီးချုပ် ရှရိုးဒါးက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

ယင်းဆုံးဖြတ်ချက်သည် နိုင်ငံရေးဆိုင်ရာ အခြေခံဖြစ်ပြီး တည်ငြိမ်မှုအခွင့်အလမ်းများ တိုးမြှင့်ပေးစေမည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း ဂျီ–၈ ထိပ်သီးညီလာခံတွင် ပြင်ပအစီအစဉ်အဖြစ် ကျင်းပသည့် အစည်းအဝေးတွင် ရှရိုးဒါးက ပြောကြားခဲ့သည်။ ဖော်ပြပါ ကြိုးပမ်းချက်သည် အောင်မြင်မှုရှိ၊မရှိ ပြဿနာကို ယတိပြတ် အဖြေမပေးနိုင်သည့် မေးခွန်းဖြစ်ကြောင်း၊ ယင်းကိစ္စအပေါ် မိမိအနေဖြင့် အကောင်းမြင်သဘောထား မရှိကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

အဘူဂါရိပ် အကျဉ်းထောင် တာဝန်ကျစစ်ရဲများကို စစ်ဆေး ကန်တို့က ခွေးများကိုအသုံးပြုခွင့် ပေးခဲ့ကြောင်း ထွက်ဆို

ဝါရှင်တန် ဇွန် ၁၂

ခွေးများကို ကြီးကြပ်ထိန်းကျောင်းရသော တပ်ဖွဲ့ဝင်များကို အဘူဂါရိပ် အကျဉ်းထောင်သို့ အမေရိကန်စစ်ဘက်က ပေးပို့ထားသည်။ နှုတ်သီးတွင် အပိတ်တပ်မထားသော ခွေးများကို အကျဉ်းသားများအား ခြောက်လှန့်ရန်အတွက် အသုံးပြုခွင့်ကို ထောက်လှမ်းရေးမှ အမိန့်ထုတ် ခွင့်ပြုထားသည်ဟု သိရှိရကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက သောကြာနေ့တွင် ဖော်ပြလိုက်သည်။ ထိုသတင်းစကားကို တရားရုံးတွင် ခွေးထိန်းတပ်ဖွဲ့ဝင်များ၏ အစစ်ခံချက်မှ ကိုးကားဖော်ပြခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဘူဂါရိပ် အကျဉ်းထောင်တွင် ခွေးထိန်းနှစ်ဦးကို ယှဉ်ပြိုင်မှုတစ်ခု ပြုလုပ်စေခဲ့သည်။ ထိုယှဉ်ပြိုင်မှုကို အကျဉ်းသားများကို စစ်မေးရသူများက ပြုလုပ်စေခြင်းဖြစ်သည်။ မည်သည့် ခွေးထိန်းက ခွေးများကို အသုံးပြုပြီး အကျဉ်းသားများကို ပို၍ ကြောက်သွေးပါအောင် ပြုလုပ်နိုင်သည်ကို ယှဉ်ပြိုင်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း တရားရုံး အစစ်ခံချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်ဟုဆိုသည်။

ထိုအကျဉ်းထောင်တွင် တာဝန်ကျခဲ့သော တပ်ဖွဲ့ဝင် ခြောက်ဦးမှာ စစ်ခုံရုံးတင်၍ တရားစွဲခံရဖွယ်ရာ ရှိသည်။ တပ်ဖွဲ့ဝင်တစ်ဦးမှာ အကျဉ်းသားများကို လူမဆန်စွာ စော်ကားမှု၊ ကိုယ်ကာယနာကျင်စေမှု၊ ခွေးများအသုံးပြု ခြောက်လှန့်မှုတို့ ကျူးလွန်ခဲ့သည့်အတွက် ထောင်ဒဏ် အပြစ်တစ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခြင်း ခံခဲ့ရပြီးဖြစ်သည်။

အမေရိကန် စစ်ထောက်လှမ်းရေးများက အီရတ်အကျဉ်းသားများကို စစ်ဆေးရာတွင် အကျဉ်းသားများကို ကြောက်လန့်စေရန် ခွေးများကို အကြိမ်ကြိမ် အသုံးပြုခဲ့ကြောင်း၊ ထိုဖြစ်စဉ်မှာ လွန်ခဲ့သော ဒီဇင်ဘာလနှင့် ဇန်နဝါရီလအချိန်များက ဖြစ်ကြောင်း ထုတ်ဖော်အစစ်ခံကြသည်။ အစစ်ခံခဲ့သူများမှာ ခွေးထိန်း တပ်ကြပ်ကြီး မိုက်ကယ်စမ်နှင့် တပ်ကြပ်ကြီး စင်တော့ကာဒိုနာတို့ ဖြစ်ကြသည်။

ထိုတပ်ကြပ်ကြီးနှစ်ဦးက ခွေးများဖြင့် အကျဉ်းသားများ စစ်ဆေးသည့်ကိစ္စကို အကျဉ်းထောင်ရှိ ဗိုလ်မှူးကြီးသောမတ်ပါပါစ်က ခွင့်ပြုထားပြီးဖြစ်သည်ဟု ယုံကြည်ကြသည့်အတွက် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အစစ်ဆေး ခံခဲ့ကြရသည်။

ခွေးများကို အသုံးပြုရာတွင် မည်သည့် အခြေအနေတွင် မည်သည့်နည်းများကို သုံးစွဲရမည်ဆိုသော မှတ်တမ်းများ တိကျရေရာစွာ ရှိမထားဟုဆိုသည်။ ဖော်ပြပါ ခွေးထိန်း တပ်ကြပ်ကြီးနှစ်ဦးသည် ခွေးများ အသုံးပြုကာ နှိပ်စက်ခဲ့မှုဖြင့် တရားစွဲဆိုခံထားရကြောင်း သိရှိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၁၂ ရက်က နီကာရာဂွာနိုင်ငံ မာနာဂွာမြို့ရှိ အမေရိကန်သံရုံးရှေ့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ် ဒုတိယဝန်ကြီး ချုံခိုတိုက်ခိုက်ခံရ၍ သေဆုံး

ဘဂ္ဂဒက် ဇွန် ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အီရတ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဘာဆမ်ကူဘာသည် ၎င်း၏နေအိမ်အပြင်ဘက်တွင် ယမန်နေ့က ချုံခိုတိုက်ခိုက်ခံခဲ့ရခြင်းကြောင့် သေဆုံးသွားကြောင်း သိရသည်။ မျက်မြင်တွေ့ရှိသူများနှင့် အစိုးရသတင်းများအရ ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် ၎င်း၏ နေအိမ်အပြင်ဘက်သို့ ထွက်လာစဉ် တိုက်ခိုက်ရေးသမားနှစ်ဦး သို့မဟုတ် သုံးဦးခန့် လိုက်ပါလာခဲ့သည့် မော်တော်ကားတစ်စီး ၎င်း၏ကားအနီးသို့ ရုတ်တရက် မောင်းနှင်လာကာ ကားထဲသို့ သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းသည် လွန်ခဲ့သည့် သီတင်းပတ်က ကုလသမဂ္ဂဆိုင်ရာ အီရတ်အဖွဲ့နှင့် နယူးယောက်မြို့သို့ သွားရောက်ခဲ့သူတစ်ဦးဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

ပြောက်ကျားတို့၏ တိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တောင်ဘက် ယူဆွတ်ဖီယာဒေသရှိ ရဲစခန်း ပျက်စီးနေသည်ကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဇွန် ၁၁ ရက်က ဘဂ္ဂဒက်မြို့တော်တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဇွန် ၁၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အဝေးပြေးလမ်းပေါ်တွင် တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသော လောင်စာတင်ယာဉ်တစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့တွင် မီဒီလက်နက်ကိုင်များနှင့် ရဲတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားပြီးနောက် ပျက်စီးနေသောယာဉ်တစ်စီးကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံး ဆာဒါစီးတီးဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားပြီးနောက် ယာဉ်တစ်စီး ပျက်စီးနေသည်ကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဇွန် ၁၁ ရက်က ဘဂ္ဂဒက်ဆင်ခြေဖုံးတွင် အမေရိကန်တပ်ဖွဲ့နှင့် ခုခံတိုက်ခိုက်ရေးသမားများ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ ဒဏ်ရာရရှိသော အီရတ်မိန်းကလေးတစ်ဦးကို ဆေးရုံ၌တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

တိုင်းရင်းသား ပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မြစ်ကြီးနား–ဗန်းမော်လမ်းပေါ်တွင် ဆောက်လုပ်ပေးထားသည့် ၂၆၈ ပေရှည် ဗလမင်းထင်တံတားကြီးကို ဤသို့ခံ့ညားစွာ တွေ့ရသည်။ (ဓာတ်ပုံ–ကြေးမုံ)

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ပညာရေးအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ဟိုနမ့်အုပ်စု ဥယာစန်း ကျေးရွာတွင် ဆောက်လုပ်ထားသည့် အခြေခံပညာ အထက်တန်းကျောင်းခွဲ အဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ–ကြေးမုံ)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိရန် မန္တလေးတိုင်း ညောင်ဦးမြို့နယ်တွင် အကောင်အထည်ဖော်ပေးထားသည့် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ–ကြေးမုံ)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် ဧရာဝတီတိုင်း ဓနုဖြူမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ပေးထားသည့် စံကင်း–ကလော့သော့ကျေးလက်လမ်းပေါ်ရှိ ပကွန်ချောင်းကူးတံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ–နယ်စပ်/စည်ပင်)

အောင်မြင်ရေးအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ်စလုံး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တက္ကသိုလ် ဆရာ၊ ဆရာမများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကလေးတက္ကသိုလ်၏ ဘာသာရပ်အလိုက် သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များကို ကြည့်ရှုကြရာ သုတေသနစာတမ်းရှင်များက မိမိတို့ သုတေသနပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်း

ယင်းနောက် ရှင်းလင်းဆောင်၌ ဆေးရုံအုပ်ကြီးဒေါက်တာတင်ထွန်းက ကလေးမြို့ပြည်သူ့ဆေးရုံ၏ နောက်ခံသမိုင်း၊ အထူးကုဆရာဝန်ကြီးများ ခန့်ထားမှု အခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေ၊ ခေတ်မီဆေးရုံသုံး စက်ကိရိယာများ ဖြည့်ဆည်းပေးထားမှု အခြေအနေ၊ အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်းကုသခြင်းလုပ်ငန်း၊ ငွေပဒေသာပင်စိုက်ထူဆောင်ရွက်ထားမှုအခြေအနေ၊ ကလေးမြို့ ခုတင် ၂၀၀ဆံ့ ဆေးရုံတိုးချဲ့တည်ဆောက်ရေးအစီအစဉ်အရ တိုးချဲ့နှစ်ထပ်လူနာဆောင်(A)၊ ခွဲစိတ်ခန်းနှင့် သားဖွားခန်းအပါအဝင် တည်ဆောက်ပြီးအဆောက်အအုံများ၊ တည်ဆောက်ဆဲလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကလေးတက္ကသိုလ်တွင် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအရ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိသော်လည်း ပြည်ပသို့တ
စိုက်ဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်းတို့ဖြင့် ဒေသအလ

✧ ရှေ့ဖုံးမှ

စစ်ဘက်၊ နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ကလေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ် ဦးကျော်ရဲထွန်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများက ကြိုဆိုကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ကလေးတက္ကသိုလ်၏နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချနေသော အထူးပြုဘာသာရပ်များ၊ ဘွဲ့ကြိုတန်း၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်တန်း ကျောင်းသား၊ ကျောင်းသူဦးရေ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ သင်တန်းများ၊ ကွန်ပျူတာ အလုံး ၁၂၀ အသုံးပြုသင်ကြားလျက်ရှိသော ITစာသင်ခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီးဝန်ထမ်းအင်အား၊ သုံးထပ် စာသင်ဆောင် သုံးဆောင်၊ စာသင်ခန်းမကြီးလေးဆောင်၊ တိုးချဲ့စာသင်ဆောင်နှစ်ဆောင်အပါအဝင် တည်ဆောက်ပြီး တက္ကသိုလ်အဆောက်အအုံများနှင့် ဆက်လက်ဆောင်ရွက်ဆဲတည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကလေးတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ်တို့က ကလေးတက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေးနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဤတက္ကသိုလ် စတင်အခြေချထူထောင်ခဲ့သည့်အချိန် ၁၉၉၃ ခုနှစ်ကတည်းကပင် မိမိရောက်ရှိခဲ့ပြီး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ချင်းပြည်နယ်မှကျောင်းသူ၊ ကျောင်းသားများ လွယ်လင့်တကူ လက်လှမ်းတမီ တက္ကသိုလ်ပညာများ သင်ကြားနိုင်ရန် ချင်းပြည်နယ်နှင့် ဆက်စပ်နေသည့် ဤဒေသ၌ ကလေးတက္ကသိုလ်ကို ထူထောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊ တိုင်းတစ်ခုလျှင် တက္ကသိုလ်တစ်ခုကျစီ ဖွင့်လှစ်ခြင်း မဟုတ်ဘဲ ပြည်နယ်၊တိုင်းတစ်ခုတည်းမှာပင် လိုအပ်ပါက နှစ်ခုဖြစ်စေ၊သုံးခုဖြစ်စေ လိုလျှင်လိုသလို တက္ကသိုလ်များကို ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ဥပမာ တနင်္သာရီတိုင်း၌ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ် စသည်ဖြင့် ဖွင့်လှစ်ထားသကဲ့သို့ ရှမ်းပြည်နယ်၌လည်း တောင်ကြီးတက္ကသိုလ်၊ လားရှိုးဒီဂရီကောလိပ်၊ ကျိုင်းတုံဒီဂရီကောလိပ်၊ပင်လုံတက္ကသိုလ် တို့ကို လိုအပ်ချက်အပေါ် လိုအပ်သလို ထူထောင်ဖွင့်လှစ်ပေးထားခြင်းဖြစ်ရာ ပြည်နယ်နှင့် တိုင်းတစ်ခုအတွင်း၌ပင် တက္ကသိုလ်တစ်ခုတည်းမက ရှိနေမှုများကို တွေ့မြင်နိုင်ကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

အစဉ်အလာရှိခဲ့

မိမိတို့နိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသားညီအစ်ကိုများ ချစ်ချစ်ခင်ခင်၊ စုစုစည်းစည်း နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုအစဉ်အလာရှိခဲ့ပြီးဖြစ်ကြောင်း ယနေ့ ပြည်နယ် ခုနစ်ခုနှင့် တိုင်းခုနစ်ခုဖြင့် ဖွဲ့စည်း ထူထောင်ထားပြီးသော ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ တိုင်းရင်းသား လူမျိုးနွယ်စုအားလုံး၏ အကျိုးစီးပွားကို မျှမျှတတ မှန်မှန်ကန်ကန်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ လူမျိုးတစ်မျိုး၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ဖွဲ့တို့

အတွက်ကိုသာ အလေးထားခွဲခြားဆောင်ရွက်ခြင်းမျိုးမဖြစ်သင့်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီး တစ်ရပ်လုံး ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို သတ်မှတ်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးစသည့် ကဏ္ဍအလိုက် တိုးတက်ဖြစ်ထွန်းရေးကို အလေးပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကလေးတက္ကသိုလ်သည်လည်း ချင်းပြည်နယ်နှင့် ကလေးဒေသအတွက် အခြားတက္ကသိုလ်များနည်းတူ အဆင့်အတန်းရှိသည့် တက္ကသိုလ်ကြီးဖြစ်အောင် မိမိတို့အားလုံး ဝိုင်းဝန်းပျိုးထောင်ကြရမှာဖြစ်ကြောင်း။

စနစ်တကျကြိုးပမ်းလျက်ရှိ

ဤနေရာ၌ မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ရောက်ရှိအောင် စနစ်တကျကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်၏ ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ရာတွင် ယနေ့ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားညီလာခံသည် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် ပထမဆုံးအဆင့်ဖြစ်သကဲ့သို့ အရေးကြီးဆုံးအဆင့်လည်းဖြစ်ကြောင်း၊ ယင်းညီလာခံ၌ ပြည်နယ်၊ တိုင်းများအလိုက် တိုင်းရင်းသားကိုယ်စားလှယ်များရော၊ လူထုလူတန်းစားကိုယ်စားလှယ်များပါ စုံညီစွာ တက်ရောက်လျက်ရှိကြောင်း၊ ယင်းညီလာခံကြီး

ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကလေးတက္ကသိုလ်၏ e-Education Resource Centre၊ e-Education Learning Centre၊ Computer Training Centreနှင့် Language Labတို့၌ ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကလေးတက္ကသိုလ် ပင်မဆောင်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ကလေးမြို့ဆေးရုံကြီး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များနှင့်အတူ ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသခန်းနှင့် ခွဲစိတ်ခန်းမကြီးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကလေးတက္ကသိုလ်တွင် ဘာသာရပ်အလိုက် သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ရှင်းလင်းဆောင်၌ ဆေးရုံအုပ်ကြီးဒေါက်တာတင်ထွန်းက ကလေးမြို့ပြည်သူ့ဆေးရုံ၏ နောက်ခံသမိုင်း၊ အထူးကုဆရာဝန်ကြီးများ ခန့်ထားမှု အခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေ၊ ခေတ်မီဆေးရုံသုံး စက်ကိရိယာများ ဖြည့်ဆည်းပေးထားမှု အခြေအနေ၊ အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်းကုသခြင်းလုပ်ငန်း၊ ငွေပဒေသာပင်စိုက်ထူဆောင်ရွက်ထားမှုအခြေအနေ၊ ကလေးမြို့ ခုတင် ၂၀၀ဆံ့ ဆေးရုံတိုးချဲ့တည်ဆောက်ရေးအစီအစဉ်အရ တိုးချဲ့နှစ်ထပ်လူနာဆောင်(A)၊ ခွဲစိတ်ခန်းနှင့် သားဖွားခန်းအပါအဝင် တည်ဆောက်ပြီးအဆောက်အအုံများ၊ တည်ဆောက်ဆဲလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန

...ရှိသော်လည်း ပြည်ပသို့တင်ပို့နိုင်သည်အထိ ပိုလျှံမှုမရှိသေး ...က်ခြင်းတို့ဖြင့် ဒေသအလိုက်ဆန်စပါးပိုမိုစိုက်ပျိုးထုတ်လုပ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကလေးတက္ကသိုလ်တွင် ဘာသာရပ်အလိုက် သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျေးလက်ဒေသ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာသော မြို့ဖြစ်ရေးအတွက် နီးနွယ်စပ်ဆက်မှုရှိသော သက်ဆိုင်ရာဌာနများ လက်တွဲပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (ကလေး)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဦးမျိုးမင်းထွန်းနှင့် ဆရာ၊ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အရည်အချင်းပြည့်ဝသော နည်းပညာဆိုင်ရာ ပညာရှင်များ ပြုစုပျိုးထောင်ရေး ဆောင်ရွက်နေမှုနှင့် ကောလိပ်ပင်မဆောင် ဆောက်လုပ်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အိုလံပစ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအိုက်ထွန်းက အစိုးရနည်းပညာကောလိပ်(ကလေး)၏ သုံးထပ်ပင်မဆောင်ကို ခေတ်မီခိုင်ခံ့သပ်ရပ်သည့် အဆောက်အအုံအဖြစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစိုးရနည်းပညာကောလိပ်(ကလေး) ကျောင်းအုပ်ဦးမျိုးမင်းထွန်းက ကောလိပ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ကောလိပ်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်တန်းကာလနှင့် ချီးမြှင့်မည့် ဒီပလိုမာနှင့်ဘွဲ့များ၊ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများ၊ ကျောင်းသား၊ ကျောင်းသူ အင်အား၊ သင်ကြား/စီမံဝန်ထမ်းဦးရေ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နည်းပညာကောလိပ်များက လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အတတ်ပညာရှင်များသည် အရည်အချင်းပြည့်ဝသော အတတ်ပညာရှင်များ ဖြစ်လာရေးအတွက် စနစ်တကျ သင်ကြားလေ့ကျင့်ပေးရေး မှာကြားသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အစိုးရနည်းပညာကောလိပ် (ကလေး) တွင် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မှာကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အစိုးရကွန်ပျူတာကောလိပ်(ကလေး) တာဝန်ခံကျောင်းအုပ် ဒေါ်အေးအေးသိန်းက ကောလိပ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ ပေးအပ်မည့် ဘွဲ့များ၊ ဘွဲ့လွန်ဒီပလိုမာများ၊ဆရာ၊ ဆရာမအင်အား၊ ကျောင်းသား၊ကျောင်းသူအရေအတွက်၊ သင်တန်းကာလနှင့်သင်တန်းပို့ချမည့် အစီအစဉ်၊သင်ကြားရေးသင်ထောက်ကူပစ္စည်းများ၊ တည်ဆောက်ရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အဆင့်မီကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးနေမှုနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မြေနေရာကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အစိုးရ ကွန်ပျူတာ ကောလိပ် (ကလေး) အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစိုးရနည်းပညာကောလိပ်(ကလေး)၏ သုံးထပ်ပင်မအဆောက်အအုံ ပုံစံငယ်နှင့် တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကလေးမြို့ အောင်ဆန်းခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်က ခရိုင်၏တည်နေရာနှင့် အကျယ်အဝန်း၊ ခရိုင်အတွင်း မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများဖွဲ့စည်းမှု၊ အိမ်ထောင်စုနှင့် လူဦးရေ၊ မိုးစပါးအပါအဝင် မိုးသီးနှံ၊ ဆောင်းသီးနှံ စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှုနှင့် ဆီဖူလုံမှုအခြေအနေ၊ စီးပွားရေး စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ပညာရေး၊ ကျန်းမာရေး၊ ဆည်မြောင်းလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကလေးမြို့ အောင်ဆန်းခန်းမတွင် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စိစစ်ဖြည့်ဆည်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းစိစစ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်အဖွဲ့သည် ယနေ့ ကလေးမြို့သို့ ရောက်ရှိပြီး ချင်းပြည်နယ်၊ ကျီးခါး၊ ရိဒ်နှင့်တီးတိန်ဒေသတို့သို့ ဆက်လက်ထွက်ခွာရန် အစီအစဉ်ရှိသော်လည်း ရာသီဥတုအခြေအနေမပေးသဖြင့် ကလေးမြို့၌ ထူထောင်ဖွင့်လှစ်ထားသော ကလေးတက္ကသိုလ်၊ ကလေးပြည်သူ့ဆေးရုံနှင့် ကလေးနည်းပညာ ကောလိပ်များသို့ လှည့်လည် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် ဒေသခံများနှင့် တွေ့ဆုံပြီး ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပေးရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း။

ယနေ့ ကလေးခရိုင်၏ တင်ပြချက်များအပေါ် လိုအပ်သည်များကိုလည်း အတတ်နိုင်ဆုံး စိစစ်ဖြည့်ဆည်းပေးပြီးဖြစ်ကြောင်း၊ ဤဒေသအတွက် အရေးပါသော မြစ်သာမြစ်ကူးတံတားဖွင့်ပွဲကိုလည်း မိမိတို့တက်ရောက်ကြမှာဖြစ်ကြောင်း။

ကလေးဒေသသည် ချင်းပြည်နယ်၏ တံခါးဝဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံသို့ ထွက်ပေါက်လည်းဖြစ်သဖြင့် နိုင်ငံတော်အတွက် အချက်အချာကျသော ဒေသဖြစ်ကြောင်း၊ ထို့ပြင် ကလေးချိုင့်ဝှမ်းဒေသသည် စိုက်ပျိုးရေးအတွက် ရေခံ၊ မြေခံကောင်းမွန်သည့်ဒေသဖြစ်၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအားကောင်းပြီး ဆန်ပိုလျှံသော ဒေသလည်းဖြစ်တာကြောင့် ချင်းပြည်နယ်အတွက် လိုအပ်သော စားနပ်ရိက္ခာကို ဤဒေသက ပံ့ပိုးထောက်ပံ့လျက်ရှိကြောင်း။

ကုန်ထုတ်လုပ်မှုတိုးမြှင့်

မိမိဒေသအတွက် ဆန်စပါးဖူလုံရုံသာမက ပိုလျှံနေသည်ဆိုပြီး ကျေနပ်နှစ်သိမ့်နေ၍မဖြစ်ဘဲ ပိုမိုပိုလျှံသည်ထက် ပိုလျှံအောင် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုကို တိုးမြှင့်ရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိဒေသနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်ဒေသကိုလည်းကောင်း၊ နိုင်ငံတော်ကိုလည်းကောင်း ပိုမိုအကျိုးပြုနိုင်မှာ ဖြစ်ကြောင်း။

မိမိနိုင်ငံသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအရ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိသော်လည်း ပြည်ပသို့ တင်ပို့နိုင်သည်အထိ ပိုလျှံမှုမရှိသေးကြောင်း၊ ထို့ကြောင့် ဆန်စပါးသည် နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေ အဓိကရှာဖွေပေးသောသီးနှံ မဖြစ်သေးကြောင်း၊ ထို့ပြင် မိမိနိုင်ငံရှိ ပြည်သူတစ်ဦးချင်း၏ ဆန်စားသုံးမှုနှုန်းသည် အရှေ့တောင်အာရှနိုင်ငံများ၌ အများဆုံး ဖြစ်နေရာ ဆန်စပါးကိုဖြစ်နိုင်သမျှ တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်နေသေးကြောင်း၊ စိုက်ဧက တိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် ဒေသအလိုက် ဆန်စပါး ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မှသာ ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချလာနိုင်မှာ ဖြစ်ကြောင်း။

ဤနေရာ၌ စိုက်ပျိုးသူ တောင်သူလယ်သမားများသာမက စိုက်ပျိုးရေးနှင့် ဆက်စပ်တာဝန်ရှိသော မိမိတို့နိုင်ငံ့ဝန်ထမ်း အားလုံးကလည်း စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းကူညီအားပေးလုပ်ဆောင်ရမှာဖြစ်သကဲ့သို့ စိုက်ဧက၊ အထွက်နှုန်း စသည့် လယ်ယာကိန်းဂဏန်းများ တိကျမှန်ကန်စွာ ပြုစုရေးလုပ်ငန်းကိုလည်း အလေးထားရန် လိုကြောင်း။

စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရန် မိုးစပါးစိုက်ဧကကို ဧကသိန်း ၂၀အထိ တိုးချဲ့

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကလေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကလေးမြို့ စကားလှ ဓမ္မာရုံကျောင်းတိုက်တွင် စကားလှဘုရားနှင့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၉မှ

စိုက်ပျိုးရန်ရည်မှန်းချက် ပေးထားပြီဖြစ်ရာ ယင်းရည်မှန်းချက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ထိထိမိမိလုပ်ကိုင်

ကုန်ထုတ်လုပ်မှု တိုးတက်မှသာ စီးပွားရေးဘဝ တိုးတက်မြင့်မားမှာဖြစ်၍ အောက်ခြေကျေးရွာများအထိ ကွင်းဆင်းကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပေးကြရန် လိုကြောင်း၊ အထူးသဖြင့် မြို့နယ်အဆင့်သည် အခြေခံအကျဆုံးအဆင့်ဖြစ်၍ မြို့နယ်အဆင့်ရှိ နိုင်ငံ့ဝန်ထမ်းအားလုံးက လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဝီရိယအားအပြင် စေတနာအားပါ ပေါင်းစပ်၍ ထိထိမိမိလုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း။

ပူးပေါင်းအားထုတ်

နိုင်ငံတော်အပိုင်းက လိုအပ်သောဆည်တမံအပါအဝင် စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာအခြေခံများ၊ ကျန်းမာရေးအတွက် ဆေးရုံဆေးပေးခန်းများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ စာသင်ကျောင်းများမှအစ တက္ကသိုလ်၊ ကောလိပ်အထိ ရင်းနှီးမြှုပ်နှံ ထူထောင်ပေးထားပြီဖြစ်၍ ကလေးခရိုင်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံပြည်သူများကပါ မိမိတို့၌လည်း တာဝန်ရှိသည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်း အားထုတ်သွားကြရန်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကိုလည်း တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကလေးမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းများနှင့် ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းတို့အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်ပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကလေးမြို့စက်မှုဇုန်သို့ ရောက်ရှိရာ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များနှင့် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များက ကြိုဆိုကြသည်။

အစီအစဉ်အရ ကလေးစက်မှုဇုန်ခန်းမ၌ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်က ကလေးစက်မှုဇုန်၏ တည်နေရာနှင့် အကျယ်အဝန်း၊ စက်မှုဇုန်မြေကွက်များ ဖော်ထုတ်ခြင်းနှင့် စက်မှုလုပ်ငန်းရှင်များအား နေရာချထားပေးခြင်း၊ ကလေးစက်မှုဇုန်က မော်တော်ယာဉ်ပုံစံအမျိုးမျိုး ထုတ်လုပ်ခြင်း၊ ရေအားလျှပ်စစ် တာဘိုင်များ ထုတ်လုပ်ခြင်း၊ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ကလေးစက်မှုဇုန်မှ မောင်မြန်မာစူပါဂျစ်၊ တံခါးနှစ်ပေါက်၊ တံခါးလေးပေါက် လူစီးဂျစ်များ ထုတ်လုပ်မှု၊ ရောင်းချရမှု၊ ကုန်ချိန် ၁၀တန် တင်ဆောင်နိုင်သည့် ကုန်တင်ယာဉ်နှင့် ဘတ်စ်ကား တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရေအားလျှပ်စစ်တာဘိုင်များ ထုတ်လုပ်သုံးစွဲမှု၊ လယ်ယာသုံးပစ္စည်းများနှင့် စက်မှုအထွေထွေပစ္စည်းများ တပ်ဆင်ထုတ်လုပ်ရောင်းချမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ စက်မှုဇုန်ထုတ်ပစ္စည်းပြခန်း၌ ခင်းကျင်းပြသထားသော မောင်မြန်မာစူပါဂျစ်၊ တံခါးနှစ်ပေါက်၊ တံခါးလေးပေါက် လူစီးဂျစ်များ၊ အထွေထွေသုံး စက်ပစ္စည်းကိရိယာများနှင့် လယ်ယာသုံး စက်ကိရိယာများကို လှည့်လည်ကြည့်ရှုကြပြီး ကလေးစက်မှုဇုန်မှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ စကားလှ ဓမ္မာရုံကျောင်းတိုက်သို့ သွားရောက်ကြပြီး စကားလှဘုရားနှင့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စကားလှဓမ္မာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ၊ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စကားလှဘုရားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော် တစ်ထောင် ရေဆန်ကျွန်းမြတ်အား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စကားလှဓမ္မာရုံကျောင်းတိုက် ဆရာတော်နှင့် ဆရာတော်များအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲ ဘဏ္ဍာ/ အခွန်အသင်း တံခွန်စိုက်ဖလားဆွတ်ခူး

စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲ၌ တံခွန်စိုက်ဆုဖလားဆွတ်ခူးရရှိသွားသော ဘဏ္ဍာ/အခွန် အသင်းအား ဆုယူအပြီး ဆုဖလားနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

ရန်ကုန် ဇွန် ၁၃

စတုတ္ထအကြိမ်မြောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံတွင် နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးရရှိသွားသည်။ တံခွန်စိုက်ဆုကို မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးမောင်တင့်က ဆုချီးမြှင့်ပြီး ကျန်ဆုများကို အမှုဆောင်များနှင့် ဧည့်သည်တော်တို့က ချီးမြှင့်ကြသည်။

ပြိုင်ပွဲများကို ဇွန် ၁၂ရက် နံနက် ၁၀နာရီက စတင်ကျင်းပခဲ့ရာ ပြိုင်ပွဲမစတင်မီ ရန်ကုန်မြို့ရှိ ခြင်းခတ်ရုံများမှ အသင်း ၁၆သင်းတို့က နှစ်ရက်တိုင် ပါဝင်၍ အလှခတ်ပြသွားကြသည်။

ပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းက ပထမ၊ စက်မှု(၁) အသင်းက ဒုတိယ၊ ကာကွယ်ရေးအသင်းက တတိယ ရရှိသွားကြသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၅	၇။	ရွှေလောင်းတံတား
၈း၃၀	၈။	International News.
၈း၄၅	၉။	Let's Go.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	Demonstration Exercises for Correct Pronunciation.
၄း၄၅	၄။	တေးဂီတအစီအစဉ်
၅း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၅း၁၅	၆။	အကပဒေသာ
၅း၂၅	၇။	လက်ဆင့်ကမ်းပေးဂီတတေး (စောင်း)
၅း၃၀	၈။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၅း၄၀	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၅၀	၁၀။	ကချင်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၅း၅၅	၁၁။	မြန်မာ့ရိုးရာ တောလေ့ကျေးလက်တေးသံများ
၆း၀၅	၁၂။	Discovery
၆း၁၅	၁၃။	တေးဂီတအစီအစဉ်
၆း၃၀	၁၄။	ညနေခင်းသတင်း
၇း၀၀	၁၅။	မိုးလေဝသအခြေအနေ
၇း၀၅	၁၆။	အေးချမ်းဝေစည် ရှမ်းတို့ဌာနီ (မြောက်ပိုင်း)
၇း၂၀	၁၇။	အသက်သခင် သွေးလှူရှင်ကျေးဇူးတင်စရာ ဘဝတာ
၇း၃၅	၁၈။	ကျေးလက်ဒေသတစ်ခွင်အလှဆင်
၈း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆိုသည်မှာ (အပိုင်း-၄၇)**
၁၀း၃၀	၂၃။	**EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒိန်းမတ်နှင့်အီတလီ)**
၁း၁၅	၂၄။	**EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆွီဒင်နှင့် ဘူလ်ဂေးရီးယား)**
	၂၅။	နောက်တစ်နေ့အစီအစဉ်
	၂၆။	အစီအစဉ်ပြီး၏။

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပုဂံ-ညောင်ဦးလေဆိပ် အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇွန် ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ပုဂံ-ညောင်ဦးလေဆိပ်သို့ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက လေဆိပ်အဆောက်အအုံ ပြီးစီးမှုအခြေအနေနှင့် လေဆိပ်ပတ်ဝန်းကျင် သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

အမြန်ပြီးစီးအောင်

ဆက်လက်၍ မြန်မာ့လေကြောင်း အထွေထွေမန်နေဂျာ ဦးစိုးလွင်နှင့် အင်ဂျင်နီယာမှူးကြီး ဦးလှညွှန့်တို့က ပုဂံ-ညောင်ဦးလေဆိပ်တွင် လိုအပ်သော မြေပြင်သုံးစက်ကိရိယာများဖြစ်သည့် ခရီးသည်တင်လှေကား၊ ပစ္စည်းတင်ချစက်၊ မီးအားပေးစက်၊ လေယာဉ်စက်နိုးစက်များထားရှိရန် အဆောက်အအုံ ဆောက်လုပ်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး တိုးချဲ့လေဆိပ်အဆောက်အအုံကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လိုအပ်သော အဆောက်အအုံများ တည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြေပြင်သုံးစက်ကိရိယာများထားရှိရန် အဆောက်အအုံ တည်ဆောက်မည့် နေရာကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပုဂံ-ညောင်ဦး လေဆိပ် တိုးချဲ့အဆောက်အအုံ ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။
(ပို့ဆောင်ရေး)

ထပ်မံတိုးချဲ့သော ပုဂံ-ညောင်ဦး လေဆိပ်အဆောက်အအုံမှာ အလျားပေ ၃၀၀နှင့် အနံပေ ၅၀ရှိပြီး လက်ရှိလေဆိပ်အဆောက်အအုံနှင့် တစ်ပေါင်းတည်း ဆက်စပ်၍ မြန်မာမှုလက်ရာများဖြင့် တည်ဆောက်လျက်ရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကျန်းမာရေးအတွက် ကိုယ်ကာယလေ့ကျင့်

ရန်ကုန် ဇွန် ၁၃

အမျိုးသားညီလာခံသို့ တက်ရောက်နေသော ညီလာခံကိုယ်စားလှယ်များသည် နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် ကိုယ်ကာယ ကြံ့ခိုင်မှု လေ့ကျင့်ခန်းများပြုလုပ်ခြင်းနှင့် မိမိတို့ ကျန်းမာရေးအတွက် ဝါသနာပါရာ အားကစားနည်းအလိုက် လေ့ကျင့်ခန်းများကို ပြုလုပ်လျက်ရှိကြသည်။

နေ့စဉ်ရောင်းချ

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော ကုန်ပစ္စည်း အမယ်မျိုးစုံကို "ဝင်းသူဇာ" အရောင်းဆိုင်က ပိတ်ရက်မရှိ နေ့စဉ်ရောင်းချပေးလျက်ရှိသကဲ့သို့ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း(ဂျီအီးစီ)အရောင်းဆိုင်ကလည်း စားကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အထည်အလိပ်ပစ္စည်းများ၊ စာရေးကိရိယာနှင့် စာနယ်ဇင်းများကို နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ဂရင်းကျန်းမာရေး စောင့်ရှောက်မှု သမဝါယမအသင်း လီမိတက်ကလည်း ဆေးဝါးပစ္စည်းများနှင့် ကျန်းမာရေး ပညာပေးစာအုပ်များကို ရောင်းချပေးလျက်ရှိသည်။

စာအုပ်အငှားဆိုင်

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေးလုပ်ငန်းက စာပေဗိမာန် စာအုပ်အငှားဆိုင် ဖွင့်လှစ်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ လေ့လာဖတ်ရှုနိုင်ရန် ရည်ညွှန်း စာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုနှင့် သုတ၊ ရသ စာအုပ်များကို ငှားရမ်းပေးသည့်အပြင် စာပေဗိမာန် စာမူဆုရ စာအုပ်များကို ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

မွေး/ရေ အရောင်းဆိုင်

ထို့ပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အရောင်းဆိုင်က သန့်ရှင်းလတ်ဆတ်သည့် အသင့်စားသုံးနိုင်သော စားသောက်ဖွယ်ရာ ပစ္စည်းများ၊ ပျားရည်နှင့် ပျားရည်ထွက် ပစ္စည်းများ၊ စည်သွတ်ဘူးများကို ရောင်းချပေးသည်။

အလားတူ အဝတ်လျှော်၊ မီးပူတိုက်ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည်။

(သတင်းစဉ်)

မိုးသည်းထန်နိုင်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာပြီး ခေတ္တမျှ သည်းထန်မည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ကြံ့ခိုင်မှု လေ့ကျင့်ခန်း

အမျိုးသားညီလာခံသို့ တက်ရောက်နေသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကျန်းမာရေးအတွက် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်နေသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဘီလီယက်ကစားကြစဉ်။
(သတင်းစဉ်)



ရောင်းချ

အမျိုးသားညီလာခံသို့ တက်ရောက်နေသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များ သက်သာ ချောင်ချိစွာ ဝယ်ယူသုံးစွဲနိုင်ရန် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များကို ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်နေသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးရိုက်ကြစဉ်။
(သတင်းစဉ်)

✻ ကျောဖုံးမှ

စံပြကွက် ကောက်ရိတ်ပွဲတော်ကို အဆိုပါမြို့နယ် နောင်တိမ်းကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများနှင့်ဒေသခံပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက နမ့်ခမ်းမြို့နယ်နှင့် မူဆယ်မြို့နယ်၂၀၀၃-၂၀၀၄ခုနှစ် ဆင်းရွှေလီအဆင့်မြင့်နွေစပါးတစ်ဧကတင်း ၂၀၀ စံပြကွက် အကောင်းဆုံး လယ်သမားဆုရ နမ့်ခမ်းမြို့ အမှတ်(၃) ရပ်ကွက်မှ တောင်သူဦးစိုင်းအိုက်အေးနှင့် မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာမှ တောင်သူ ဦးအိုက်စံတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က စံပြကွက် အကောင်းဆုံး စိုက်ပျိုးရေး ဝန်ထမ်းဆုရ နမ့်ခမ်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တာဝန်ခံ လက်ထောက်ကြီးကြပ်ရေးမှူး ဦးဘသန်းနှင့် မူဆယ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်ကြီးကြပ်ရေးမှူးဦးစိုးနိုင်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် နမ့်ခမ်းမြို့နယ်ရှိ တောင်သူလယ်သမားများ ကိုယ်စား တောင်သူဦးဘအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တိုးတက်အောင်မြင်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်(မြောက်ပိုင်း) အနေဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် အထူးအထွက်တိုးစပါး စိုက်ပျိုးရေးကို စနစ်တကျအစီအမံများ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ရ၍ များစွာဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရကြောင်း။

ယင်းကဲ့သို့ အောင်မြင်မှုရရှိခြင်းသည် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ကြီးကြပ်ကွပ်ကဲဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ပံ့ပိုးကူညီမှု၊ ဒေသတွင်းရှိ တိုင်းရင်းသားခေါင်းဆောင်များနှင့် တောင်သူလယ်သမားများ၏ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်မှုများကြောင့် တိုးတက်အောင်မြင်မှုများ ဖြစ်ထွန်းခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရန် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့်ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများကိုလည်း တစ်ခုနှင့် တစ်ခုချိတ်ဆက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် စိုက်ပျိုးရေးကဏ္ဍသည် အဓိကဖြစ်ရာ၊ ဆန်စပါး ပိုမိုထွက်ရှိအောင်အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဆန်စပါးဖူလုံမှသာ လူမှုစီးပွားရေးဘဝသည် တိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း။

တစ်နှစ်သုံးသီးစား

ထို့ကြောင့် တစ်နှစ်သုံးသီးစား စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူလယ်သမားများက မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊လယ်ယာသုံးစက်ကိရိယာများကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လယ်ယာလုပ်ငန်းများ၏ ၇၀ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုမှသာ တစ်နှစ်သုံးသီးစားအဖြစ် စိုက်ပျိုးထုတ်လုပ်ရာတွင် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း။

သို့ပါ၍ ဒေသဝမ်းစာစပါး ဖူလုံစေရန်အတွက် ဆန်စပါးကို တစ်နှစ်ထက်တစ်နှစ်တိုး၍ စိုက်ပျိုးရေး စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လျှပ်စစ်ကဏ္ဍအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်၊ မန်တပ်ကျေးရွာအနီးရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှာ ၂၀၀၂-၂၀၀၃ခုနှစ်အတွင်း စတင်အကောင်အထည်ဖော်ခဲ့ရာ ပထမဆင့် ၂၀၀ မဂ္ဂါဝပ်၊ ဒုတိယဆင့် ၂၀၀ မဂ္ဂါဝပ်မကြာမီကာလအတွင်းစတင်ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နယ်မြေဒေသအတွင်း ကုန်ထုတ်လုပ်မှုတိုးတက်လာပြီး တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားရေးဘဝသည်လည်း အခြေခံခိုင်မာစွာ တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များနှင့် တောင်သူလယ်သမားများက အဆိုပါ တိုးတက်အောင်မြင်မှုများကို ဆက်လက် ထိန်းသိမ်းမြှင့်တင်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များသည် နွေစပါး စံပြကွက်များ၌ ခေတ်မီကောက်ရိတ်သိမ်းစက်များဖြင့် ကောက်ရိတ်သိမ်းနေသည်များကို လှည့်လည် ကြည့်ရှုအားပေးစစ်ဆေးကြပြီး ကောက်ရိတ်ပွဲတော်ကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များသည် ရိတ်သိမ်းပြီးစပါးများ ချိန်တွယ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ကျင်းပသော ဆင်းရွှေလီအဆင့်မြင့် နွေစပါးတစ်ဧကတင်း၂၀၀ စံပြကောက်ရိတ် ပွဲတော်တွင် စံပြကွက်တစ်ဧကမှစပါးအစို၂၃၀ဒသမ၃၃တင်းထွက်ရှိပြီးအစိုဓာတ်၂၁ ဒသမ ၆၁တင်းနှင့် အဖျင်းအမှော် ၆ ဒသမ ၅၁တင်းတို့ကို နုတ်ယူလိုက်ပါက စံပြကွက်တစ်ဧကမှ စပါး ၂၀၂ဒသမ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် နမ့်ခမ်းမြို့နယ်ကွန်လုံကျေးရွာရှိ အထူးအထွက်တိုး ဆင်းရွှေလီ (F.1) မျိုးစေ့ထုတ် ၁၀ဧက စိုက်ကွင်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်က ဆင်းရွှေလီ စပ်မျိုးစပါးထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်၊ စိုက်ပျိုးနည်းပုံစံ၊ အဖိုမျိုးစေ့များ ပျိုးထောင်ခြင်း၊ အဖိုမျိုးများ စိုက်ပျိုးခြင်းနှင့် အပင်များပြုစုခြင်း၊ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်မှု တစ်ဧကကုန်ကျစရိတ်နှင့် အကျိုးအမြတ်ခန့်မှန်းချက်တို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့ဝင်များသည် စပ်မျိုးစပါး ထုတ်လုပ်ရန် စိုက်ပျိုးထားသည့် မျိုးစေ့ထုတ် စိုက်ခင်းများအတွင်း အဖိုလိုင်းနှင့် အမလိုင်းကွာခြားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ကွန်လုံကျေးရွာသို့ ရောက်ရှိကြပြီး ကွန်လုံကျေးရွာအုပ်စု၏ ဆင်းရွှေလီ မိုးစပါး ကောက်စိုက်ပွဲတော်သို့ တက်ရောက်ကာ ဒေသခံကောက်စိုက်လုံမေများ၏ ကောက်စိုက်နေမှု၊ ဒေသခံ တောင်သူလယ်သမားများ၏ လယ်မြေများအား စက်ကိရိယာများဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဆက်လက်ထွက်ခွာလာရာ နောင်လောင်းကျေးရွာသို့ ရောက်ရှိကြသည်။

တက်ရောက်အားပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့နယ် နောင်လောင်းကျေးရွာအုပ်စု၏ ၂၀၀၄-၂၀၀၅ခုနှစ် အထူးအထွက်တိုး ဆင်းရွှေလီ မိုးစပါး တစ်ဧက တင်း၂၀၀ စံပြဧက ၄၀စိုက်ကွင်းနှင့် မိုးစပါးဧက ၁၅၀ စိုက်ကွင်း ကောက်စိုက်၊ ကွင်းပိတ်နှင့် မြေဩဇာကျွေးပွဲတော်ကို နံနက်၁၀နာရီတွင် အဆိုပါ နောင်လောင်းကျေးရွာ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များ တက်ရောက်အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ဖိုင်ကျောင်းကျေးရွာရှိ ဆင်းရွှေလီ နွေစပါးတစ်ဧကတင်း၂၀၀ စံပြ၁၀ဧက စိုက်ခင်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးလှကြီးက စိုက်ခင်းနှင့်စပ်လျဉ်းသည့် စပါးအထွက်နှုန်းကို ရှင်းလင်းတင်ပြသည်။

အဆိုပါ စိုက်ခင်းအတွင်း စိုက်ပျိုးထားသည့်စပါးအမျိုးအစားမှာ ကန်ယူ-၅၂၇ မျိုးဖြစ်ပြီး တစ်ပင်ပါ ပျမ်းမျှ အနှံပါပင်ပွား ကိုးပင်နှုန်း၊ တစ်နှံပါ ပျမ်းမျှအောင်စေ့ ၁၃၀စေ့၊ တစ်ဧကရိတ်သိမ်းပြီး အစိုထွက်နှုန်းမှာ တစ်ဧက ၂၅၅တင်း၊ အခြောက်ခံစပါးမှာ ၂၁၅ တင်း အသားတင် ထွက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ စိုက်ပျိုးထားသည့် ၂၀၀၄-၂၀၀၅ ခုနှစ် အထူးအထွက်တိုး ဆင်းရွှေလီမိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်း ၁၀ဧကသို့ ရောက်ရှိကြသည်။

ထို့နောက် စိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသအကျိုးနှင့်ပြည်နယ်အကျိုးအတွက် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက်ဟူသော ဆောင်ပုဒ်နှင့်အညီ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေ လိုကြောင်းဖြင့် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် မွန်းတည့်၁၂နာရီတွင် မူဆယ်မြို့နယ် ကောင်းမှုတံုရပ်ကွက်ရှိ မူဆယ်ခရိုင် သွင်းကုန်အစားထိုး အသေးစား စက်မှုရပ်ကွက်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့ဝင်များသည် ဆင်းရွှေလီလယ်ယာသုံး ထော်လာဂျီထုတ်လုပ်ရေးစက်ရုံ မူဆယ်ရထိုက်ကုမ္ပဏီမှ ထုတ်လုပ်သည့် လယ်ယာသုံး စက်ကိရိယာ အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးကြပြီး မူဆယ်မြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိကြသည်။(သတင်းစဉ်)

ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၃

ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇွန် ၂၆ရက် (စနေနေ့)တွင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ရက် မွန်းလွဲပိုင်းတွင် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပြပွဲနှင့် စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ (သတင်းစဉ်)

ကမ္ဘာ့သွေးလှူရှင်များနေ့သို့

* မလှူမီညဦး
စိတ်ကူးနဲ့မြူးရွှင်
လှူနာလျှင်ချမ်းသာ
ကျန်းမာပါစေကြောင်း
သဒ္ဓါကောင်းဆန္ဒ
"ပုဂ္ဂလ"မခွဲခြား
စိတ်ထားဖြူစွာနဲ့
ရင်မှာဖြစ်ခဲ့တဲ့ဒါန
လေးလမှတစ်ကြိမ်သာ
အခါခါလှူဒါန်းရင်း
ပေးနှင်းခဲ့ သူ့သွေး
သူ့အတွေး သူ့အသွင်
"မေတ္တာရှင်"ပီသ
ကြည်မြပါဘိ။
* လှူနေသည့်ထိုခဏ
ရှုမဝမြင်ကွင်း
ခြင်းခြင်းစွေးနီရဲ
ပုလင်းထဲ အပြည့်စွက်
တစ်စက်ချင်း တစ်ပေါက်ချင်း
ဖြည့်သွင်းခိုက် သူ့ဘဝင်
ကြည်လင်အေးမြစွာ
သတ္တဝါဒုက္ခိတ
"ကယ်မ"ဖို့အရေး
သတ္တိသွေးကိုမျှ
"မုဒ္ဓ"စေတနာ
သူ့ရင်မှာပြဋ္ဌာန်း
"ကရုဏာ"လွှမ်းသည့်သွင်
ကြည်လင်ပါဘိ။
* လှူဒါန်းပြီးသမယ
သုခိတသတ္တဝါ
ကျန်းမာစွာတောင့်တင်း
ပျောက်ကင်းဘိထိုရောဂါ
အေးချမ်းစွာရွှင်လန်း
မိုးဆန်းပန်းအသွင်
မြင်ရသည့်အခါတိုင်း
ရင်မှာလှိုင်းပီတိ
ရွှန်းအိတဲ့နှလုံးအိမ်
အကြိမ်ကြိမ်ခံစားရင်း
သူ့ရင်တွင်း"မုဒိတာ"
ကြည်သာပါဘိ။
* ဇီဝိတဒါန
"ဥပပါရမီ"မြောက်
သွေးနီပေါက် သွေးနီဥ
သွေးဖြူနှ သွေးရည်ကြည်
သွေး"အေ""ဘီ" သွေး"အို"မျိုး
သွေးအဖိုးအနဂ္ဃ
ငွေစနဲ့မလဲ
သွေးရဲသည့်စေတနာ
သွေးဝေဖြာလှူဒါန်းရင်း
သွေးသင်းသည့်အခိုက်
ရင်လှိုက်ကာရှုမော
"ဥပေက္ခာ"ဖောနဲ့
စောပေတဲ့ကုသိုလ်
ဖြဟ္မာစိုရ်တရားတွေမို့
သွေးချင်းတို့စေတနာဖြူ
ငိုတ်လူအခါခါဦးခိုက်သည်
သွေးရင်းသမို့ အသေအချာယူ
နိဗ္ဗူ အမတာကူးထိုက်ပြီ။ ။

အညတရဘိက္ခု

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

တစ်နိုင်ငံလုံးတွင် မုတ်သုံလေ ဆက်လက် အားကောင်းမည်။

မြန်မာနယူးစ်ဝေဇက်ဂျာနယ် အတွဲ(၁)၊အမှတ်(၅)ဖြန့်ချိ

ရန်ကုန် ဇွန် ၁၃

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဝေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၅)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကြိုအစီအစဉ်၊ မြန်မာနှင့်တရုတ်တို့ အခွန်လွတ် ကုန်သွယ်မှုအချို့စတင်၊ မော်လမြိုင်ဒေသ အလားအလာကောင်း၊ နိုင်ငံတကာ ရေနက်ဆိပ်ကမ်း တည်ဆောက်ဖွယ်၊ ပုဂံဆိုက်ဘာတက်ခ်၏ စွမ်းရည်မြင့် ကိုယ်ပိုင်ဆက်သွယ်ရေးကွန်ရက်ကြီး ပထမအဆင့်တည်ဆောက်မှု လုပ်ငန်းများ ယခုနှစ်ကုန်ပြီးစီးမည်၊ ငွေစုဘဏ်ခွဲ(၃)တွင် အွန်လိုင်းစနစ်စတင်၊ မြန်မာကျောင်းသားများ ဂျပန်တက္ကသိုလ်(၄၂)ခုသို့ ဝင်ခွင့်ဖြေဆိုနိုင်၊ အိမ်မွေးတိရစ္ဆာန်ဟိုတယ်လေဆိပ်တွင် အောင်မြင်နေ၊ ဗန်ကောက်ရှိ နယူးဝေါလ် ကုန်တိုက်တစ်စိတ်တစ်ပိုင်းပြိုကျ၊ ကားလုပ်ငန်းရှင်များအတွက် မူဝါဒအသစ် တရုတ်နိုင်ငံ ထုတ်ပြန်စသည့် ပြည်တွင်း၊ပြည်ပသတင်းများ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင်သတင်းများ၊ စီးပွားရေးနှင့် သုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားကာ e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိသည်။ (က-ပ)

❍ ပွဲကြီးပွဲကောင်းမှ

အိမ်ပြန်စောစေခဲ့သော ဂိုးများအား သွင်းယူခဲ့ကြသူနှစ်ဦး ပြန်ပါလာကြသည်။ ရာမန်ဒဲလ်နှင့် တိုမာဆင်တို့ ဖြစ်သည်။ ရှေ့တန်းတိုက်စစ်အားကောင်းသော်လည်း အလယ်တန်းတွင် ဒိန်းမတ်သည် အားပျော့နေသည်။ ချာလ်တန်အသင်းမှ ကလော့စ်ဂျန်ဆန်သာ ကစားကွက်ပုံဖော်ပေးနိုင်သူရှိသည်။

မည်သို့ပင်ဖြစ်စေ ဒိန်းမတ်အသင်းသည် ကမ္ဘာ့ဖလားတွင် ဥရုဂွေးကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ ဆီနီဂေါကို တစ်ဂိုးစီ သရေကျ၍လည်းကောင်း၊ ပြင်သစ်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ကစားပြသွားနိုင်သည့် ခြေစွမ်းကို ပြန်လည် အမှတ်ရသင့်သည်။ ၎င်းကမ္ဘာ့ဖလားတွင် ဒိန်းမတ်ဘယ်တောင်ပံ၊ ညာတောင်ပံမှ ထိုးဖောက်ကစားသွားနိုင်ခဲ့သည်။ နောက်တန်း၏ ဖျက်ထုတ်အားကလည်း ပြင်သစ်လိုအသင်းကိုပင် အံ့အားသင့်စေသည်။ ယခုခြေစွမ်းမျိုးဖြင့် အီတလီကို ခံ၍မကန်နိုင်ဟု မည်သူမျှ အတပ်မပြောနိုင်ချေ။

အီတလီအသင်းသည် ၂၀၀၂ခုနှစ်ကမ္ဘာ့ဖလားတွင် စောစောစီးစီး အိမ်ပြန်ခဲ့ရသည်။ ကမ္ဘာ့ဖလားမှရရှိခဲ့သော သင်ခန်းစာများကို ရင်ဝယ်ပိုက်ပြီး အီတလီသည် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ကာ ယူရို–၂၀၀၄ ပြိုင်ပွဲသို့ ဝင်ရောက်ခဲ့သည်။ ကမ္ဘာ့ဖလားမှ ကစားသမားအချို့ အီတလီအသင်းမှာ ပြန်လည်ပါဝင်လာကြသည်။

အုပ်စုပြိုင်ပွဲတွင် အီတလီသည် ဝေလ၊ ဆားဗီးယားနှင့် မွန်တီနီဂရိုး၊ ဖင်လန်၊ အဇာဘိုင်ဂျန်အသင်းများနှင့် ကစားခဲ့ရသည်။ အီတလီသည် ကမ္ဘာ့ဖလားမှ အရိပ်အငွေ့များ ပါလာခဲ့လေသလားမသိ၊ ဝေလအသင်းကို ပထမအကျော့တွင် ရှုံးခဲ့သည်။ သို့ဖြစ်၍ ၂၀၀၄ ယူရိုပြိုင်ပွဲတွင် ရေပန်းစားနေသော အီတလီသည် ချန်ပီယံဖြစ်နိုင်ပါ့မလားဆိုသည့် အတွေးဝင်မိပေလိမ့်မည်။ မည်သို့ပင်ဖြစ်ဖြစ် အီတလီသည် အုပ်စုပထမနှင့် နောက်ဆုံးအဆင့်သို့ ရောက်လာခဲ့ပြီဖြစ်သည်။

နည်းပြဆရာ ထရာပက်တိုနီက သူ့အသင်းကို ကစားကွက် နှစ်မျိုးသုံးမျိုး ဖန်တီးထားသည်။ ၃–၄–၁–၂၊ ၄–၄–၂၊ ၄–၂–၃–၁ ပုံစံချသည်။ မိမိကစားသမား၏အခြေအနေနှင့် ပြိုင်ဘက်အသင်း အနေအထားကိုကြည့်ပြီး ကစားကွက်ပြောင်းကစားမည်ဟန်ရှိသည်။

ဒိန်းမတ်နှင့် ဗွေဆော်ဦး တွေ့လိုက်ရသောကြောင့် အီတလီအနေဖြင့် အခက်တွေ့နိုင်သည်။ အီတလီသည် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ခရိုအေးရှားနှင့် မက္ကဆီကိုပွဲများကို အမှတ်ရနေဦးမည်ဖြစ်သည်။ ထို့ကြောင့် အီတလီသည် ဒိန်းမတ်ကို ရေကုန်ရေခန်း အနိုင်ရအောင် ကစားလိမ့်မည်။ သို့သော် ဒိန်းမတ်သည် ပြင်သစ်လိုအသင်းမျိုးကို အနိုင်ကစားခဲ့ဖူးသည်ကို ပရိသတ်အမှတ်ရလျှင် .....။

ဇွန် ၁၅ ရက် (အင်္ဂါနေ့)
နံနက် ၁း၁၅ နာရီ
ဆွီဒင်–ဘူဂေးရီးယား

ဆွီဒင်သည် ဥရောပတွင် တဖြည်းဖြည်းချင်း နာမည်ကျော်လာသော အသင်းတစ်သင်းဖြစ်သည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆွီဒင်သည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်အထိ တက်လှမ်းခဲ့သောအသင်းဖြစ်သည်။ ဆွီဒင် ပါဝင်ခဲ့သောအုပ်စုမှာ မရဏအုပ်စုဟု ကင်ပွန်းတပ်ခံရသည့် အုပ်စုဖြစ်သည်။ အာဂျင်တီးနား၊ နိုင်ဂျီးရီးယား၊ အင်္ဂလန်တို့ ပါဝင်ခဲ့သည်။ ဆွီဒင်သည် နိုင်ဂျီးရီးယားကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး အင်္ဂလန်နှင့် အာဂျင်တီးနားကို တစ်ဂိုးစီ သရေကျခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်တွင် ဆီနီဂေါကို ရှုံးပြီးထွက်ခဲ့ရသည်။

ယခု ယူရို–၂၀၀၄ ပြိုင်ပွဲဝင်သည့်အသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အသင်းကို အခြေခံဖွဲ့စည်းထားသည်။ ဆွီဒင်သည် အုပ်စုပွဲတွင် လတ်ဗီးယား၊ ပိုလန်၊ ဟန်ဂေရီ၊ ဆန်မာရီနိုအသင်းများနှင့် ကစားခဲ့ရသည်။ အုပ်စုပထမဖြင့် နောက်ဆုံးအဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။

နည်းပြဆရာများဖြစ်ကြသည့် တော်မီနှင့် လာ့ခ်တို့သည် ဆွီဒင်အသင်းကို ၄–၃–၃၊ ၄–၁–၃–၂ ပုံစံချကစားရန် စီစဉ်ထားကြသည်။ ဆွီဒင်၏အဓိကအားမှာ နောက်တန်းတောင့်တင်းခြင်းဖြစ်သည်။ ကွင်းလယ်ကစားသမားများသည် တစ်ခါတစ်ရံ အချိတ်အဆက်မမိတတ်ဘဲ ရှိနေတတ်ကြသည်။ ကွင်းလယ် ကစားကွက် အားနည်းသည်။ ရှေ့တန်းမှ လာဆင်နှင့် အော်လ်ဘတ်တို့မှာ အားကိုးရသော တိုက်စစ်မှူးများဖြစ်ကြသည်။ သို့သော် ကွင်းလယ်အားပျော့ခြင်းကြောင့် ဂိုးသွင်းခွင့်အခွင့်အရေး ပျောက်နေတတ်သည်။

ဘူဂေးရီးယားသည် ၁၉၉၄ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးသည့်နောက်ပိုင်း အဓိက ပြိုင်ပွဲများမှ ပျောက်ကွယ်သွားသော အသင်းဖြစ်သည်။ ၁၀နှစ်တာကာလ အတွင်း ဘူဂေးရီးယားသည် ဘောလုံးအဆင့်အတန်း မြင့်မားလာဖို့ အားသွန်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ပါရမီရှင်ကစားသမားများကို စပိန်နှင့်ဂျာမနီသို့ သွားရောက်ကစားခွင့်ပြုခဲ့သည်။ သို့ဖြစ်၍ ဘူဂေးရီးယားသည် အထင်ကရ ပြိုင်ပွဲများသို့ ပြန်လည်ဝင်ရောက်လာနိုင်ခြင်းဖြစ်သည်။

အုပ်စုပြိုင်ပွဲ၌ ဘူဂေးရီးယားသည် ခရိုအေးရှား၊ ဘယ်ဂျီယံ၊ အက်စ်တိုးနီးယား၊ အန်ဒိုရာ စသည့် အသင်းများနှင့် ကစားခဲ့ရသည်။ အုပ်စုပထမဖြင့် နောက်ဆုံးအဆင့်သို့ တက်လာခြင်းဖြစ်သည်။ ပထမအကျော့တွင် ဘယ်ဂျီယံနှင့် ခရိုအေးရှားအသင်းများကို အနိုင်ကစားခဲ့သောခြေရည်သည် မသေးလှကြောင်း တွေ့ရမည်။

နည်းပြဆရာ မာကော့ဗ်သည် သူ့အသင်းအား ၄–၅–၁ သို့မဟုတ် ၄–၄–၂ ပုံစံချကစားရန် စီစဉ်ထားသည်။ ဘူဂေးရီးယားအလယ်တန်းနှင့် ရှေ့တန်းတို့တွင် ပြဿနာမရှိသော်လည်း နောက်တန်းဘယ်အစွန်တွင် အားပျော့နေသည်။ ၎င်းနေရာကို အစားထိုးဖို့ရန် ယခုတိုင် လူရှာမတွေ့သေးဘဲရှိနေသည်။

ဘူဂေးရီးယားနှင့် ဆွီဒင်အသင်းတို့၏ အနေအထားကို ယှဉ်ကြည့်ရာတွင် အတွေ့အကြုံအား၊ လူအား ကွာခြားလျက်ရှိသည်။ သို့သော် ဘူဂေးရီးယားသည် ငယ်ဂုဏ်၊ စုစည်းညီညွတ်မှု၊ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သော အသင်းဖြစ်ရာ အတွေ့အကြုံကြွယ်ဝသော ဆွီဒင်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကမ္ဘာ့ဖလားမှ စိတ်ဓာတ်မျိုး၊ ကစားပုံမျိုး ဆွီဒင်တို့ပြန်ရခဲ့မည်ဆိုလျှင် ပွဲထွက်ကောင်းလိမ့်မည်ဟု ယူဆရပေသည်။ ။

✥ နာမည်ကြီး ဝမ်ချိုင်းမှ

တိုက်ကျား(တွံတေး)နှင့် ထစ်ချုံး (KLN)တို့ပွဲတွင်သာ အနိုင်အရှုံးပေါ်ပြီး ထစ်ချုံးက အလဲထိုး အနိုင်ရရှိသည်။

ငါးချီပွဲ

ဝယ်လတာဝိတ်တန်း ငါးချီပွဲကို အေးဗိုစိန်(လယ်/ဆည်)နှင့် စောစိုးစံ(တောင်ငူ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြသည်။

အေးဗိုစိန်က ကန်သည်၊ စိုးစံက ခုခံသည် လဲကျကြသည်။ ပူးကျစ် လိမ်ချုပ်ကြသည်။ ကြိုးဝိုင်းဒိုင်က ခွဲယူရသည်။

အေးဗိုစိန် နိုင်

ပထမအချီ ၂ မိနစ် ၃၈ စက္ကန့်တွင် အေးဗိုစိန် အနားတောင်းရသည်။ နှစ်ဦးစလုံး ကြမ်းကြမ်းတမ်းတမ်းပင် ထိုးကြသည်။ စောစိုးစံက လက်သီးအားကိုးသည်။ အေးဗိုစိန်က ခြေထောက်ကို အားကိုးသည်။ ဒုတိယအချီ ၁မိနစ် စက္ကန့် ၂၀တွင် စောစိုးစံ အနားတောင်းရသည်။

ခြေပြိုင်ခတ်ကြသည်။ ဆိုင်ထိုးသည်။ အေးဗိုစိန်၏ ဖြောင့်လက်သီးကြောင့် စောစိုးစံ အမှတ်ရေခံရသည်။ သို့သော် ပြန်မထနိုင်တော့၍ အေးဗိုစိန် (လယ်/ဆည်) အနိုင်ရရှိသွားသည်။

မစ်ဒယ်ဝိတ်တန်း

နောက်ဆုံးပွဲဖြစ်သော မစ်ဒယ်ဝိတ်တန်း လူရွေးပွဲကို ဝမ်ချိုင်းနှင့် ချန်ပီယံရွှေဆိုင်းတို့ အပြင်းအထန် ရင်ဆိုင်ယှဉ်ပြိုင်ထိုးကြသည်။ ဝမ်ချိုင်းက အင်အားအပြည့်သုံးသည်။ ရွှေဆိုင်းက ပူးချုပ်သည်။ ဒုတိယအချီတွင် ရွှေဆိုင်းက ဝမ်ချိုင်းကို ပစ်လှဲချသည်။

ဝမ်ချိုင်းက ရွှေဆိုင်းကို ကန်သည်။ ထိုးသည်။ ရွှေဆိုင်းက အနောက်သို့ နှစ်လှမ်း ခွာလိုက်တော့ ဝမ်ချိုင်း ခြေလက်တွေ မမီမကမ်းဖြစ်သွားသည်။ ထိုအခါမျိုးတွင် ရွှေဆိုင်းက စိုက်လိုက် မတ်တတ် လိုက်ထိုးသည်။ ကန်သည်။ ချောင်ပိတ်ထိုးသည်။ တစ်ချီသော် ရွှေဆိုင်း၏ အားပါးသော ညာခြေကန်ချက် ဝမ်ချိုင်းဘယ်ခြေကို ထိသွားရာ တတိယအချီ ၂မိနစ် ၅၂စက္ကန့်မှာ ဝမ်ချိုင်း ဒူးလည်ပြီး မတ်တတ်ပင် မရပ်နိုင်တော့ဘဲ အရှုံးပေးသွားရသည်။

ချန်ပီယံဘွဲ့ဆက်ထိန်း

ရွှေဆိုင်းမှာ လက်ရှိချန်ပီယံဘွဲ့ကို ထိန်းရင်း ဝမ်ချိုင်းကို နိုင်လိုက်သည့်အတွက် နိုင်ငံတကာပွဲတွင် ဂျပန်လက်ဝှေ့သမားနှင့် ယှဉ်ပြိုင်ရတော့မည် ဖြစ်သည်။

ယနေ့ထိုးသည့်ပွဲတွင် ဝမ်ချိုင်း သက်လုံ မစေ့တော့ချေ။ ရွှေဆိုင်းက ငယ်ရွယ်သူဖြစ်၍ အမောလုံခြင်း၊ သန်စွမ်းဖျတ်လတ်ခြင်းတို့ကြောင့်အနိုင်ရရှိခြင်းဖြစ်သည်။ (ကြေးမုံ)

ဂရိအသင်း အောင်ပွဲခံ

ဇွန် ၁၂ရက်က ကျင်းပသည့် ယူရို–၂၀၀၄ အုပ်စု(က)မှ ပထမပွဲဖြစ်သည့် ဂရိနှင့် အိမ်ရှင်ပေါ်တူဂီတို့ပွဲတွင် ဂရိအသင်းမှ ဒုတိယဂိုး (ပိုင်နယ်တီဂိုး) သွင်းပြီးနောက် ဂရိကစားသမားများ အောင်ပွဲခံနေစဉ်။
(အင်တာနက်)

ကမ္ဘာ့လူဦးရေနေ့ စာစီစာကုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများကို "ပညာကျန်းမာ ခွင့်လမ်းသာ ပြည့်စုံလုပမိန်းကလေးဘဝ စာရင်းအင်းနှင့်ညွှန်းဆိုပြ" ခေါင်းစဉ်ဖြင့် ပြည်နယ်/တိုင်းမြို့ကြီးများရှိ အထက်တန်းကျောင်းများ၌ ယနေ့တစ်ပြိုင်တည်း ကျင်းပကြသည်။

ရန်ကုန်တိုင်းတွင် အလုံမြို့နယ်ခန်းမ၌ ယနေ့ နံနက် ၉နာရီတွင် စာစီစာကုံးပြိုင်ပွဲ ကျင်းပရာ ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့အင်အား ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမင်းနှင့် ကော်မတီဝင်များက ကြည့်ရှုအားပေးကြသည်။(သတင်းစဉ်)

ဆီအုန်းစိုက်ပျိုးခြင်းဖြင့် စားသုံးဆီဖူလုံရေး ကြိုးပမ်းကြပါစို့

၁။ ဆီအုန်းစိုက်ပျိုးခြင်းဖြင့် တစ်ဧကလျှင် စားသုံးဆီပိဿာ ၃၀၀ မှ ၆၀၀ အထိ နှစ်စဉ်ရရှိနိုင်ပါသည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နှစ်စဉ် မိုးရေချိန်လက်မ ၈၀ နှင့်အထက် ရွာသွန်းပြီး မိုးရွာသွန်းသောကာလ ခြောက်လခန့်ရှိသော ဒေသများတွင် လည်းကောင်း၊ အစိုဓာတ် မပြတ်ရရှိနိုင်သော ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ မြစ်၊ ချောင်း၊ ကန်ဘေး စသည့်နေရာများတွင်လည်းကောင်း စီးပွားဖြစ် စိုက်နိုင်ပါသည်။

၃။ လမ်းဘေး ဝဲ/ယာ အလှပင်အဖြစ် စိုက်ပျိုးထားပြီး နောင်အခါ စီးပွားရေးတွက်ခြေကိုက် အပင်အဖြစ် အသုံးပြုနိုင်ပါသည်။

၄။ ဆီထွက်နှုန်းကောင်းသော တင်နရာစပ်မျိုးများကို ရှေးယခင်က ပြည်ပမှ တန်ဖိုးကြီးပေး၍ မှာယူတင်သွင်းခဲ့ရသော်လည်း ယခုအခါ ပြည်တွင်း၌ မျိုးစပ်ထုတ်လုပ်နိုင်ပြီဖြစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရရှိနိုင်ပါသည်။

၅။ ခြံငယ်ပိုင်ရှင်များအတွက် တစ်ပိုင်တစ်နိုင် ဆီညှစ်စက်ငယ်ကလေးများကို ပြည်တွင်းစက်မှုပညာရှင်များက ထုတ်လုပ်ပေးနေပြီဖြစ်၍ ၅ ဧကမှ ၁၀ဧကအရွယ် ခြံငယ်ကလေးများကိုပင် စိုက်ပျိုး၍ ဆီထုတ်လုပ် စားသုံးနိုင်ပါသည်။

၆။ ဆီအုန်းစိုက်ပျိုးထုတ်လုပ်ရာ၌ ရရှိသော ဘေးထွက်ပစ္စည်းများမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူသုံးကုန်ပစ္စည်းများတွင် များစွာအသုံးဝင်ပါသည်။

၇။ ဤအခွင့်အရေးကောင်းကို လက်လွှတ်မခံသင့်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

အင်ဖြင့်အားဖြင့် ပစ်ဝင်လာသော အေးဗိုစိန်(ဝဲ)အား စောစိုးစံက ညာလက်သီးဖြင့် ပြန်လည်ခုခံစဉ်။ ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

မုန်တိုင်းသတင်း

ရန်ကုန် ဇွန် ၁၃

ယနေ့နံနက်မြန်မာစံတော်ချိန် ၀၉:၃၀ နာရီအချိန် တိုင်းထွာချက်များ အရ ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ကိုလ်ကာတာမြို့၏ အနောက် တောင်ဘက် မိုင် ၃၂၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး မြောက် – အရှေ့မြောက်ဘက်ဆီသို့ ရွေ့လျားမည်ဟု ခန့်မှန်း ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၂) ထုတ်ဝေ

ရန်ကုန် ဇွန် ၁၃

အခြေခံပညာကျောင်းများ၏ ကျောင်းဖွင့်ရာသီမှ ပညာရေး အလှပုံရိပ်မျက်နှာဖုံးဖြင့်"ဝံသာနု" သတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၂)ကို ယနေ့ထုတ်ဝေသည်။

"ဝံသာနု" သတင်းလွှာတွင် သွင်းကုန်ကြေညာလွှာနှင့် ကွဲလွဲတင်သွင်းလာသော ပစ္စည်းများ တားဆီးအရေးယူ၊ သရက်မြို့ ဧရာဝတီမြစ်အတွင်း ရေယာဉ်များ မီးလောင်နစ်မြုပ်၊ ဒေါပုံမြို့နယ် တရားမဝင်သစ်သား၊ သစ်လုံးများ ဖော်ထုတ်ဖမ်းဆီး၊ သံသေတ္တာထဲလျှို့ဝှက်သယ်ဆောင်လာသော ရှေးဟောင်းဆင်းတုတော်များ၊ အပျံသင်စ ကျီးဖြူတစ်ကောင် လှိုင်ကော်မြို့တွင် တွေ့ရှိ၊ အောင်မင်္ဂလာအဝေးပြေးစခန်းအတွင်း ပျက်စီးနေသော လမ်းများ၊ ဘဝတူချင်းရိုက်သတ်ပြီး ဓာတ်လမ်းဆင်တိုင်ကြား၊ မြန်မာတွေစည်းကမ်းရှိဖို့ အချိန်တန်ပါပြီ(၅)စသော ပြည်တွင်းသတင်း ဆောင်းပါးများနှင့် အီရတ်အရေးတွင်ဘေးကျပ်နံကျပ်ဖြစ်နေသော အမေရိကန်တပ်ဖွဲ့များ၊ ဒိုမီနီကန်နှင့် ဟေတီနိုင်ငံတို့တွင် ရေလွှမ်းမိုး၊ ဗန်ကောက်မြို့မှ နိုင်ငံကူးလက်မှတ် အတုပြုလုပ်သူ နိုင်ငံခြားသားများ၊ နိမိတ်ပြဖြစ်ရပ်ဆန်းများ၊ ချေချင်းညှာနိုင်ငံ အထိမ်းအမှတ်အခမ်းအနား ဖုံးပေါက်ကွဲ၊ အမေရိကန်နိုင်ငံသားများ လုံခြုံမှုမရှိသော အခြေအနေ၊ ကြောက်စရာကလဲ့စား၊ လက်တွဲဖြုတ်ပြီး ကျောခိုင်းခဲ့ကြသော ကမ္ဘာကျော်ကုမ္ပဏီကြီးနှစ်ခု၊ ကိန်း(စ်)ရပ်ရှင်ပွဲတော်မှ စွမ်းဆောင်ရှင် မင်းသမီး မင်းသားများ၊ အနောက်အရပ်က အိမ်ထောင်ရေးဓာတ်လမ်းတစ်ပုဒ်၊ ကြော်ငြာ ဈေးကွက်တွင် ဒေးဗစ်ဘက်ဟမ်းနေရာယူဆဲပြည်တွင်း၊ ပြည်ပ သတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီး စာပေ အမှတ်(၄၁) ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(က–ပ)

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ ခြံအမှတ်(၅၇၈)နေ
(ဦးခွေးပု–စား/ဖျော်၊ ငြိမ်း၊ တောင်ငူ)–ဒေါ်မြသောင်း
တို့၏သားကြီး
မောင်ထွန်းလှB.Sc (Bot)
နှင့်
ဖေယျာဝတီမြို့၊ သီရိမင်္ဂလာ(၂)လမ်းနေ
ဦးမြသောင်း(မူ/အုပ်၊ ငြိမ်း)–ဒေါ်စန်းမြင့်တို့၏သမီးထွေး
မစန္ဒာလင်း B.A. (Geo) အမက၊ ကြပ်ကွင်း
တို့သည် ၅–၆–၂၀၀၄ရက်(စနေနေ့)တွင် နှစ်ဖက်သောဘိုးဘွားမိဘဆွေမျိုးများ၏ရှေ့မှောက်တွင် ဓေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းလှ–မစန္ဒာလင်း။

A/C-6 MBR-3 BR-1, Phone

Condominium, Junction (8), 1250 Sqft, 1MBR, 2BR, AC, 095016838, 510625

U.F.L
GRAMMAR

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၉၁)၊ (ပ)ထပ်၊ (ဝဲ)(12.5' x 60')ရှိ တိုက်ခန်းကို လက်ရှိနေထိုင်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကိစ္စအပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

လွှဲအပ်ချက်အရ–

ဦးအုန်းမောင်
တရားရုံးချုပ်ရှေ့နေ
၁၂၇၊ လူငယ်သစ္စာလမ်း၊ (၁၂)ရပ်ကွက်
ရန်ကင်းမြို့နယ်၊ ဖုန်း–၅၇၉၈၅၁။

KHiND ခင်ကမ္ဘာ
Electrical Home Appliances
Water Fall System ပါရှိသော Fully Auto Washing Machine FA 602 (6kg) (ပုံမှန်ဈေး 185000 ပွဲတော်ဈေး 170000)
Multi Purpose OvenToaster OT 1602 (ပုံမှန်ဈေး 50000 ပွဲတော်ဈေး 40000)
Nonstick ... /Grill နှင့် Bake ပါရှိသော MicrowaveOven မျိုးစုံ/ Ultra Violet ... Insect Killer ... / Micro Switch ပါရှိသော Rice Cooker မျိုးစုံ/ Motor Pump AirPot ... / Vacuum Cleaner မျိုးစုံ/ ... Electric Jug Kettle/ ... / Hair Dryer/ Sandwich Toaster/ Slow Cooker မျိုးစုံ/ ... Emergency Light မျိုးစုံ ...
ShowRoom & Service Centre ရန်ကုန်မြို့ ☎: (01) 380475, (01) 240935, (01) 700904

နိုင်ငံတကာသတင်းဂျာနယ် စတင်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၃

နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၅၄ကို ယနေ့(တနင်္လာနေ့) စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

"မီဒီယာခေတ်မကျန်ရစ်ဖို့"ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ရေးသားဖော်ပြနေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုရက်သတ္တပတ်ထုတ်တွင် မလေးရှားနိုင်ငံ၏ အနာဂတ်ရေပြဿနာ၊ ကိုလံဘီယာနိုင်ငံအကြောင်းသိကောင်းစရာ၊ ဥပရောပခရီးစဉ်တရုတ်သမ္မတစတင်၊ ဆူဒန်နိုင်ငံရေးအခြေအနေ၊ ကွန်ဂိုနိုင်ငံရေး၊ ဂျီ–၈ ထိပ်သီးအစည်းအဝေး၊ အမေရိကန်လူ့အခွင့်အရေး၊အီရတ်ဆိုင်ရာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်သစ်၊ ကမ္ဘာလှည့်ခရီးသွား ကတ်ပြားစနစ်ကျင့်သုံးမည့်အိန္ဒိယ၊ အိန္ဒိယစီးပွားရေး တိုးတက်မှုနှုန်းမြင့်တင်မည့် အစိုးရအဖွဲ့သစ်၊ ထိုင်းခရီးသွားလုပ်ငန်းပွဲတော်၊ နိုင်ငံတကာဟာသ၊ နာဇီတို့ကိုအလဲထိုးသည့် ဒီဒေးနှစ်ပတ်လည်၊ သမ္မတဟောင်း ရေဂင်၏နောက်ဆုံးခရီး၊ ကမ္ဘာ့စစ်အသုံးစရိတ်၊ ကမ္ဘောဒီးယားပြည်နယ်သတင်းစာ၊ မီဒီယာအနောက်မိုး၊ ဆော်ဒီရေနံပြဿနာ၊ ကမ္ဘာ့စိန်ဈေးကွက်၊ အာဆီယံစွမ်းအင်ဖူလုံရေး အလေးပေးချိန်စသည့် သတင်းနှင့်သတင်းဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြထားသည်။ **(ယာပုံ)** (ကြေးမုံ)

ဆန် + ဆီဝယ်မယ်ဆိုရင် OK ကို
ဆက်သွယ်မှာကြားမှဓိတ်ချရတယ်
ဆိုကေမိသားစု–ဘုရင့်နောင်

အိမ်မဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

အိမ်မဲ ဇွန် ၉

အိမ်မဲမြို့နယ်အသင်း၏ စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၀၀၄ ခုနှစ် ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း အမှတ် (၆)ဝိုင်း အိမ်မဲကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တ ဇာနေယျ (ဓမ္မာစရိယ၊ ပိဋကတ်တစ်ပုံအောင်)အား အမှူးပြုဦးထိပ်ထား၍ ထိုကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အိမ်မဲမြို့နယ်အသင်း အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူ၊ မြို့နယ်သားများ သင်္ကန်း၊ ဆွမ်း၊ အချိုပွဲနှင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ရေးအတွက် ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊ ဒုဥက္ကဋ္ဌ ဦးတင်သိန်း ဖုန်း-၂၄၆၉၃၇၊ ဦးကျော်ရှင်း ဖုန်း-၂၉၁၅၀၂၊ အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၅၆၅၁၄၀၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၆၆၂၄၆၇၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မြဦး၊ စာရင်းစစ် ဦးထွန်းမြင့် ဖုန်း-၇၀၅၅၄၁၊ အမှုဆောင် ဦးကြည်ဦး ဖုန်း-၅၂၄၄၆၀၊ ဒေါ်စီစီ ဖုန်း-၂၂၅၂၄၉ တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် အလှူရှင် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်း-ဒေါ်ကြည်ကြည်မာသန်း၊ သား မောင်စိုးဇင်မင်း မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်းကို မေ ၂၅ ရက်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (၃၀၇)

မြို့နယ် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ရန် မှာကြား

ကောလင်း ဇွန် ၆

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်ကျေးရွာအုပ်စု၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၁ရက် နံနက် ၁၀နာရီက မြို့နယ် အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စုမှ ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က မိုးရာသီ စီမံကိန်းဧက ပြည့်မီစွာ စိုက်ပျိုးရေး၊ စိုက်ပျိုးစရိတ် ကြေးကျန်ပေးဆပ်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။ ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ထားရှိမှုများကို ပြန်လည်ဆွေးနွေးတင်ပြကြသည်။ **(၂၁၄)**

ကျေးလက်အိမ်ရာ ကွင်းဆင်းကြီးကြပ်

လှည်းကူး ဇွန် ၉

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိမ်းတို့က ငါးဆူတောင် စံပြကျေးရွာတွင် ကျေးလက်အိမ်ရာဆောက်လုပ်မှုကို ဇွန် ၇ ရက်က ကွင်းဆင်းကြီးကြပ်ခဲ့သည်။ လှည်းကူးမြို့နယ်တွင်း ကျေးလက်အိမ်ရာ ခုနစ်လုံး လျာထားဆောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်/စည်ပင်)**

ကရင်ချောင်းကျေးရွာ၌ စက်ရေတွင်းဖွင့် ကျေးရွာပြည်သူများ သောက်သုံးရေဖူလုံစွာရရှိ

တောင်ငူ ဇွန် ၄

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးခဲ့သော ကရင်ချောင်းကျေးရွာရှိ ပေ ၁၈၀ အနက် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မေ ၃၁ ရက်က ကျင်းပရာ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်နှင့် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

သောက်သုံးရေဖူလုံ

အဆိုပါ စက်ရေတွင်းကို တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၆၅၀၀၀၀၊ ကျေးရွာအလှူရှင် ဦးပြုံးချို-ဒေါ်အေးလှ မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၉၀၀၀၀၀ဖြင့် တူးဖော်ဆောင်ရွက်ခဲ့ပြီး တစ်နာရီ ရေဂါလန် ၁၅၀၀ ထွက်ရှိသဖြင့် ကရင်ချောင်းကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်သည်။ **(က-ပ)**

မြို့နယ်သတင်းများ

ကွမ်းခြံကုန်းမြို့ ရေနုတ်မြောင်းများ ရှင်းလင်း

ကွမ်းခြံကုန်း ဇွန် ၁

ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို အပတ်စဉ် ဆောင်ရွက်လျက်ရှိသည်။

စုပေါင်းသန့်ရှင်း

ထိုသို့ ဆောင်ရွက်ရာတွင် ကွမ်းခြံကုန်းမြို့ ဈေးပိုင်းအထက(၂)ပတ်လည် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်းများ ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် အဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမောင်မောင်အေးတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

နယ်လှည့်စာကြည့်တိုက် နံရံကပ်စာတပ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၃၀ ရက်က ပေါင်းတည်မြို့ ဟင်္သာကန်ရပ်ကွက် ဇီးတောကျောင်းဝင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမောင်မောင်နိုင်နှင့်စာကြည့်တိုက် နာယက ဦးမြသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၃၉၆)

မိခင်နှင့်ကလေး အသင်းဝင်တံဆိပ် ပေးအပ် မြို့နယ်အသင်းအတွက် ရန်ပုံငွေများ လှူဒါန်း

အင်းတော် ဇွန် ၇

အင်းတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရာသက်ပန်အသင်းဝင်များအား အသင်းဝင်တံဆိပ်များ ပေးအပ်ခြင်းနှင့် အသင်းရန်ပုံငွေ လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၃ ရက်က အင်းတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်ချိုချိုစန်းနှင့် နာယကအဖွဲ့ဝင်များ၊ အသင်းဥက္ကဋ္ဌ ဒေါ်ခင်လှမိနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီဝင်များ၊အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ဆွေ၊အလှူရှင် ဦးခင်မောင်သင်း-ဒေါ်အင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

အခမ်းအနားတွင် အင်းတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်လှမိက အမှာစကားပြောကြားပြီး အသင်းနာယက ဒေါ်ချိုချိုစန်းက အင်းတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ရာသက်ပန်အသင်းဝင်များအား ဗဟိုမှ ပေးအပ်ခဲ့သော ကတ်နှင့်တံဆိပ်များကို ပေးအပ်သည်။

ထို့နောက် အင်းတော်မြို့ အောင်မင်္ဂလာ ရပ်ကွက်မှ ဦးခင်မောင်သင်း-ဒေါ်အင်း မိသားစုတို့က အင်းတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရန်ပုံငွေအတွက် အလှူငွေကျပ်ငါးသောင်းကို ပေးအပ်ရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ခင်လှမိက လက်ခံရယူသည်။ **(၂၃၃)**

ကျုံမငေးမြို့၌ ပန်းပင်များ စိုက်ပျိုး

ဝါးခယ်မ မေ ၃၁

မြို့အင်္ဂါရပ်နှင့်ညီညွတ်ရေး၊ သာယာလှပရေးအတွက် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့အဝင် လမ်းဘေး ဝဲ၊ ယာတို့တွင် ပန်းအလှပင်များ စိုက်ပျိုးပွဲကို မေ ၂၃ ရက်က ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်မြတ်ခိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အလုပ်အမှုဆောင် ဦးစိုးနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်း၊ မြို့နယ်သစ်တောဦးစီးဌာန တာဝန်ခံ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက် စိုက်ပျိုးကြသည်။

ထိုကဲ့သို့ စိုက်ပျိုးကြရာတွင် ပန်းအလှပင်ပေါင်း ၅၀၀ ကို စိုက်ပျိုးပေးကြခြင်းဖြစ်သည်။ **(၁၈၂)**

မူလတန်း ကျောင်းဆောင်သစ်ဖွင့်

မော်လမြိုင်ကျွန်း ဇွန် ၉

မော်လမြိုင်ကျွန်းမြို့နယ် ပျားမွတ်လျှော်ချောင်းကျေးရွာအုပ်စု ကျည်းချောင်းကျေးရွာတွင် ကျပ်ငွေ ၂၂ သိန်းကျော်တန် အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၈ရက် နံနက် ၁၀နာရီက ကျည်းချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ဖွင့်ပွဲတွင် ကျောင်းဆောင်သစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ပညာရေးမှူး ဦးညွန့်ရွှေနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင်ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်စိန်က မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်ထံသို့လည်းကောင်း၊ ကျောင်းအုပ်ဆရာမ ဒေါ်သီတာဆွေက မြို့နယ်ပညာရေးမှူး ဦးညွန့်ရွှေထံသို့လည်းကောင်း ပေးအပ်ကြသည်။ **(၃၆၄)**

မွေးနေ့မင်္ဂလာဆုမွန်လွှာ

မေမေ ဒေါ်မာမာထွန်း (Executive Director, MGS Group of Companies)၏ ၁၅–၆–၂၀၀၄ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင် လုပ်ငန်းဆောင်တာအဝဝ အောင်မြင်ပါစေကြောင်းနှင့် မိသားစုနှင့် ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖေဖေ–ဦးအောင်မိုးကျော် (မန်နေးဂျင်းဒါရိုက်တာ IBT Co.,Ltd.)

သမီး–ပွင့်

သားသား–ကျော်ဇေယျ။

မွေးနေ့ဆုတောင်း

ပြည့်ချစ်ခြင်းဇော်

၁၄–၆–၂၀၀၄တွင်ကျရောက်သော သမီးလေး **ချစ်ခြင်း**၏ (၃)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် ဖေဖေ၊ မေမေတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

ဖေဖေ–ဦးဇော်ဝင်းဦး (ဆရာဇော်)

မေမေ–ဒေါ်ဝင်းပပ။

မောင်ရှုးစမ်း
ယောမင်းကြီး၏
စီးပွားရေးအတွေးအခေါ်နှင့်
ဘောဂဗေဒလက်ရွေးစင်

ရောင်း
(၅၁၅၀၆၅–၇၂၃၁၈)
*၂–၆က၊ နတ်မောက်လမ်း၊ တာမွေ၊ 15x50၊ မြေညီနှစ်လွှာ၊ Ph(415L)
*၃–၃၊ အေးရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ လှိုင်၊ မြေညီ 15x50 (168L)

သိမ်နှင့်သိမ်ကျောင်းနှီးဆော်စာ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ဓရုပ်ကွက်(မေအေးမိရာ၊ ကုလားစုမှတ်တိုင်)လေးထောင့်ကန်လမ်းမကြီး၊ အောင်ရာမြေ ပရိယတ္တိစာသင်တိုက်၊ ပဓာန နာယက(အမ်း-ချင်းသာသနာပြု ဆရာတော်ကြီး)ဘဒ္ဒန္တဝရလက်ာရနှင့် စာချ/စာသင် ရဟန်း/သာမဏေ(၁၀၀)ပါး သီတင်းသုံးလျက်ရှိပါသည်။ သိမ်နှင့်သုံးထပ်သိမ်ကျောင်းဆောက်လုပ်ရန် လိုအပ်လာပါသဖြင့် ၁၀-၁၀-၂၀၀၃ရက်နေ့မှ စတင်တည်ဆောက်နေပြီး ၁-၆-၂၀၀၄နေ့အထိ (၈၀)ရာခိုင်နှုန်းတည်ဆောက်ပြီးစီးလျက်ရှိရာ ပဌာန်းဆက်ပါသူများ ဒါနပါရမီဖြည့်လိုသူများ ကျောင်းတိုက် ဖုန်း-၀၁-၅၇၃၃၄၇သို့ ၂၈-၁၀-၂၀၀၄နေ့အတွင်း ဆက်သွယ်လာရောက်လှူဒါန်းနိုင်ပါကြောင်း နှီးဆော်အပ်ပါသည်။

သိမ်နှင့်သိမ်ကျောင်းဖြစ်မြောက်ရေးကျောင်းဒကာများအဖွဲ့။

GRACE TRAINING AND SERVICE CENTRE

လုပ်သက်ရင့် ဆရာများ ဦးစီးသင်ကြားသည်။ ပြည်တွင်း/ပြည်ပ (SHORE JOBS)များတွင် PROFESSIONAL ဖြစ်စေရမည်။

21.6.04 ... 1:00 - 4:00 ...

☎ 707956

KMD Computer Centre | **IAD** သင်တန်းလျှောက်လွှာ ခေါ်ယူခြင်း

သင်တန်းစတင်မည့်ရက်: 19 June 2004 (7:00 - 4:00) Sat - Sun (3:00 - 5:00) Fri

... ICT Professionals ... International Advanced Diploma IAD (Year Two) ... BCIS (Year Three) ... B.Sc. Honours Degree ...

Further Studies

Year One: DCS/IDCS ▶ Year Two: IAD ▶ Year Three: BCIS

KMD (Head Office) 550-552, Merchant Road, Kyauktada Tsp., Ygn. Tel : 249155 / 391035 Email: kmd.hoo@yangon.net.mm

ဇော်ဝင်းထွဋ်

နှစ် ၂၀ ရှင်သန်ခြင်း

LIVE SHOW at SEDONA

VCD KARAOKE

Promotion

15th June, 2004 (အင်္ဂါနေ့)ညနေ(၃:၀၀)နာရီမှစ၍ Yankin Center - City Mart တွင် VCD Karaoke

လာရောက်ဝယ်ယူအားပေးသောသူများကို ဇော်ဝင်းထွဋ် နှင့် Emperor အဖွဲ့သားများကိုယ်တိုင် Audio CD, Emperor Sticker & Wallsheet များအမှတ်တရလက်ဆောင်ပေး၍...

MAY Int'l Education & Training Center

New Classes for June/July

- TOEFL, IELTS, SAT, GCE, LCCI
- General English
- Tourism English
- English Language Speaking

ITP/TOEFL TEST

TOEFL Test Date - 25-7-2004

Dead Line Date - 20-6-2004

Tel : +951 544 224, 545 375, E-mail : mayintledu@myanmar.com.mm

ပိတောက်မြေ

MENTOR LMC

Since 1986....... **M C C**

◆ ICT Professional ... **ICT Foundation Course**

◆ ... **Office XP Course**

◆ ...

မြန်ကောင်း



ရွှေနဂါး ရေစည်ပုံး

အကျယ်	ဂါလံ	လက်ကားဈေးနှုန်း
22"	17	2000 Ks
26"	28	3000 Ks
30"	50	5000 Ks

ရွှေနဂါးရေစည်ပုံးများကို လက်ကားဝယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

DecadeTrading Co., Ltd. Tel : 01-708235 Fax : 540393

လူပျောက်ကြော်ငြာ

မောင်သန့်ဇင်ဦး (ခ) တီတီး [၁၂/လသန(နိုင်)၀၁၅၇၁၅] အဖေနေမကောင်းဖြစ်နေ၍ ရောက်ရာအရပ်မှ အမြန်(အမြန်) ပြန်လာပါ။

ဖေကြီး - ဦးကျော်ဦး (ဦးယုံမှ)

ကိုကို - ထွန်းထွန်းဦး

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကွက်(တစ်လ)အမည်ပြောင်း / ရေချိန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်း(D)မှ မောင်စည်သူ၏ ဖခင်အမည်မှန်မှာ ဦးတပေါ်နီဖြစ်ပါကြောင်း။ **ဦးတပေါ်နီ။**

ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်း(D)မှ စောနိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးအေးမောင် ဖြစ်ပါကြောင်း။ **ဦးအေးမောင်။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁/၉၆၂၇မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်(အသစ်)အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၃/၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော်(၁)ရက်
(၂၀၀၄ခုနှစ်၊ ဇွန်လ ၃ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် သတ်မှတ်လုပ်ကွက်(အသစ်)အဖြစ် အကွက်ရိုက်သတ်မှတ်ပေးရန်သတင်းပေးတင်ပြလွှာပုံစံ(မကလ/သမ-၁)ဖြင့် တင်ပြလျှောက်ထားသည့် လုပ်ကွက်များအနက် ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး လုံးခင်း၊ ဖားကန့်ဒေသတွင် အကွက်ရိုက်သတ်မှတ်ထားသည့် သတ်မှတ်လုပ်ကွက်(အသစ်)များကို နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီ/အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သတ်မှတ်လုပ်ကွက်(အသစ်)များကို ဈေးပြိုင်စနစ်ဖြင့် အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)ကျပ်တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့ကို ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများ လိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ခုနှစ်၊ မေလ(၁၂)ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာ အမှတ်၊ ၈၅/၂၀၀၄ အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်(အသစ်) တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် အချို့သတ်မှတ်လုပ်ကွက်(အသစ်)များအနေဖြင့် တစ်ဧကထက်လျော့နည်းသည့် လုပ်ကွက်များလည်း ပါဝင်ပါသည်။ လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်(အသစ်)အတွက် ခွင့်ပြုသက်တမ်းမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံး ပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့် သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်(အသစ်)လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူ ကိုယ်တိုင်လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန် ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက် တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံ စပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲ ပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများ ထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ခုနှစ် ဇွန်လ(၇)ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက် (အသစ်) များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊ အပြင် ချိပ်ထိုးပြီး ၂၀၀၄ခုနှစ် ဇွန်လ(၇)ရက်မှ ၂၀၀၄ခုနှစ် ဇူလိုင်လ(၂)ရက် အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/ လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း စခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်သိန်း
(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း၊ အထက-၁၊ တောင်ကြီး)

ကျေးဇူးရှင် ဆရာမကြီး ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ခင်သိန်း (အထပြ၊ ငြိမ်း၊ မြိတ်မြို့၊ တနင်္သာရီတိုင်း)။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်သိန်း
(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း၊ အထက-၁၊ တောင်ကြီး)

ကျေးဇူးရှင် ဆရာမကြီး ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Dr.နှင်းရီအေး (သားဖွားမီးယပ်အထူးကု၊ ပြည်နယ်ဆရာဝန်ကြီး၊ တောင်ကြီး)

ARE 373275, 705342

Ministry of Industry (1)
Myanma Ceramic Industries
192, Kaba Aye Pagoda Road
Yangon, Myanmar
INVITATION TO TENDER NOTICE

Sealed Tenders are invited by Myanma Ceramic Industries for the Cold Repair of 30 Tons per day, Sheet Glass Factory, at Pathein, Aye-yawaddy Division. Tender forms and detail informations are available on payment of Kyats 10000/-(ten thousand only), at Myanma Ceramic Industries, Planning Department Within Office Hour, starting From 10th June, 2004. Closing Date of Tender is 30th July, 2004, 15:00 Hour Myanmar Standard Time. Please contact Phone No.562036, 566074 for detail information.

Managing Director
Myanma Ceramic Industry.

Job Vacancy
(မြန်မာကျပ်ငွေဖြင့်သာ)
ပြည်တွင်း၌သာခန့်ထားရန်

မကြာမီဖွင့်လှစ်တော့မည့် အဆင့်မြင့်ထိုင်းစားသောက်ဆိုင်အတွက် အောက်ပါအရည်အချင်းမီ ဝန်ထမ်းများအား ရေရှည်လက်တွဲလုပ်ကိုင်ရန် ဖိတ်ခေါ်ပါသည်။

1.Receptionist
2.Waiter
3.Cook & Helper
4.Accountant & Cashier

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

စိတ်ဝင်စားသူများသည် အလုပ်လျှောက်လွှာနှင့်အတူ မကြာသေးမီက ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်ကတ်တို့ဖြင့် အောက်ဖော်ပြပါလိပ်စာသို့ ယနေ့မှစ၍ နှစ်ပတ်အတွင်း လျှောက်ထားရမည်။

အမှတ်(၃၃၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၅၅၂၃။

English Speaking
For high School Level အထက်တန်းများအတွက်
For Language Learners ဘွဲ့ရများအတွက်
အိမ်အရောက်သင်ကြားပေးသည်။

ဆက်သွယ်ရန် အချိန်-နံနက် ၈း၀၀မှ မွန်းလွဲ ၂း၀၀နာရီအထိ
၃၄လမ်း(အထက်)အမှတ်၂၀၄၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၃၇၇၁၂၁၊ ၂၈၇၂၃၇။

JAM

အမှတ်စဉ်(11)(19.6.2004)မှ(25.6.2004)ထိ(၇)ရက်
အမှတ်စဉ်(10)(30.6.2004)မှ(6.7.2004)ထိ
01-690264,6621129

ညေးစိမ်ရှင် ၏
ကလိတိတိ ဟာသများ

ရက်(၄၀)ပြည့်အလွမ်း
"ဟဇရဒ်ဆရဒ်ရှိုက်(စ်)မိုဟမ္မဒ်
ဟဘီးလ်ဘူလ္လား ဘဟာဒူးရ်ရှား"
ဒေါက်တာ S. မဂျစ်(ခ)သကြားမဂျစ်
M.B.,B.S(Ygn)
(မြန်မာ့ဂုဏ်ဆောင် အာရှလက်ဝှေ့ချန်ပီယံဟောင်း)
ကာဒရီယာ၊ ကျိစ်တီယာ၊ ရပ်ဖားရီးယား၊
ရှမ်းဇေးသပ္ပရေးစီယာ၊ ခဲဟ်ဝဲရ်ဒီးယား နက်ရှ်ဗန်ဒီယာ)

ချစ်လှစွာသောဇနီးနှင့်သားသမီး(၆)ယောက်အပေါ် အလွန်သံယောဇဉ်ကြီးမားပြီး မိသားစုဘဝကို လုံခြုံမှု အပြည့်အဝပေးခဲ့သော ပါပါ၊ လိုအပ်ချက်မရှိလောက်အောင် ဝတ္တရားကျေပွန်ခဲ့သော ပါပါ၊ နှိုင်းယှဉ် မရလောက်အောင် ကျေးဇူးတရားကြီးမားလှသော ပါပါ၊ ပါပါရဲ့ တည်ငြိမ်အေးမြသော မေတ္တာရိပ် ပျောက်ကွယ်ခဲ့သည်မှာ ရက်(၄၀)ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း စက္ကန့်တိုင်း၊ စက္ကန့်တိုင်း သတိရလျက် မိသားစုအတွက် အစားထိုးမရနိုင်သော ဆုံးရှုံးမှုတစ်ခု အဖြစ် ခံစားနေရပါတယ်။

ချစ်လှစွာသောဇနီးနှင့် သားသမီးများ။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း
ကျွန်မ၏သမီးဖြစ်သူ မခိုင်မြတ်သူသည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်လှလှနွဲ့ [၁၄/ကခန(နိုင်)၀၂၃၉၆၉]

မြန်မာ့ဂုဏ်ရည်အိမ်ရာ
- 1825 sqft
- 3 Bedrooms
- Brand New Generator



ဒေါ်အာဟ(PGN-099950) နှင့် ပဲကောကာဒိုင်(NYU-009615)

မိဘအမည်မှန်
အထက(၆)၊ ဗိုလ်တထောင်၊ ဒသမတန်း(ခ)တွင် ပညာသင်ကြားနေသော မောင်ဝင်းမြတ်သိန်း၏ မိဘအမည်မှန်မှာ ဒေါ်သန်းသန်းဌေး [၁၂/ကခက(နိုင်)၀၀၆၅၅၀]နှင့် ဦးထွန်းထွန်းဦး [၁၂/ကခက(နိုင်)၀၀၆၃၆၃] ဖြစ်ပါကြောင်း။

ဦးစိန်(ခ)တန်ယန်ဟုတ်
အသက်(၉၅)နှစ်
(မြောင်းမြ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၃၀)(၅)လွှာနေ (ဒေါ်သန်းကြည်)၏ခင်ပွန်း၊ ဦးစိုးရ-(ဒေါ်ကျင်စိန်)တို့၏အစ်ကို၊ ဦးဝင်းမောင်၊ အမှတ်-၁၊ ကြေးနီ၊ ငြိမ်း)-(ဒေါ်ချစ်ပို)၊ ကိုဘိုကြီး (ရွှေပြည်သာစည်ပင်ရုံး)-ဒေါ်ခင်အေးမူ၊ ဦးချစ်-ဒေါ်ရင်မူ(အမှတ်-၂၊ သတ္တုတွင်း၊ ငြိမ်း)၊ ဒေါ်မိုးမိုးခိုင်၊ ဦးမျိုးအောင်(ဦးမျိုးကားပစ္စည်းရောင်းဝယ်ရေး)-ဒေါ်မြင့်မြင့်ငုံ၊ ဦးစိုးအောင်-ဒေါ်အေးသန်း၊ ဦးလှစိန်-ဒေါ်လှမွှေး၊ မလှဝင်းကြည်တို့၏ဖခင်၊ မြေး ၁၆ ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၀၄ တနင်္လာနေ့ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်)။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းခိုင်

အသက်(၈၇)နှစ်

ဒေါက်တာဦးအောင်မြင့်(ပါမောက္ခ၊ ခွဲစိတ်ကုဆရာဝန်ကြီး၊ ဆေး–၂၊ မြောက်ဥက္ကလာပဆေးရုံကြီး)၏ ဖခင်ကြီးဦးဝင်းခိုင်သည် ၁၁–၆–၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခွဲစိတ်ကုပညာအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဦးထိန်လင်း

အသက်(၅၄)နှစ်

အမှုဆောင်အင်ဂျင်နီယာ(ခ)

ရန်ကုန်ပင်မဓာတ်အားခွဲရုံ(လှော်ကား)

ဦးထိန်လင်း ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စက်ရုံမှူး ဦးသန်းလွင်နှင့် စက်ရုံဝန်ထမ်းများ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းဟန် (၇၂)နှစ်

ပဲခူးတိုင်း၊ ပန်းတောင်းမြို့နေ (ဦးဒီဘိုး–ဒေါ်မှတ်)တို့၏သားကြီး၊ ရန်ကုန်တိုင်း၊ရွှေပြည်သာမြို့၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊(၅/၁/၁၁၀)နေ ဒေါ်အေး သင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်ဇေ–(ဒေါ်ဝင်းမြင့်)၊ ဦးရင်ကြည်–ဒေါ်လှမြင့်အေး၊ ဦးနေဗလ–ဒေါ်အေးအေးသိန်း၊ ဦးသိန်းထွန်းနိုင်–ဒေါ်သီတာတို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးသိန်းဟန်သည် ၁၂–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၆–၂၀၀၄(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဦးကိုလေး

အသက်(၈၆)နှစ်

ကန်တော့ခံသက်ကြီး

စက်ပြင်(၁) (အငြိမ်းစား)

မိတ္ထီလာမြို့၊ စက်မှုဆည်မြောင်းလိုင်း၊ ဝန်ဇင်း(၂)နေ ဒေါ်ခင်ချစ်၏ ခင်ပွန်း ဦးကိုလေး ရာသက်ပန်အသင်းဝင် အမှတ်(၁၉၀)သည် ၉–၆–၂၀၀၄ ရက်တွင် ကွယ်လွန်ပြီး ယင်းနေ့တွင် မြင်တော်ရာ သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဦးကျော်ရန် (၆၇)နှစ်

လ/ထ အမှုဆောင် အင်ဂျင်နီယာ (ငြိမ်း) (M.E.P.E) (မြင်းခြံ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၇)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်(၁၂၁၃)နေ (ဦးဘစိန်–ဒေါ်ဦးစိန်)တို့၏သား၊ (ဦးချစ်မောင်)–ဒေါ်သိန်းခင်တို့၏ သားသမက်၊ ဒေါ်ချိုချို(အထပြ၊ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းဆွေ–ဒေါ်ခင်မေ (အမက–၁၃၊မြင်းခြံ)တို့၏ အစ်ကို၊ ကိုဇေယျာမင်း–မအိအိခိုင် (ရေကြောင်းဦးစီး)၊ ကိုဇာနည်ကျော် (A/B Uniteam Marine)–မအေးမီကျော် (ရေနံဓာတု)တို့၏ ချစ်လှစွာသောဖခင်၊ ကိုသန်းဇော်စိုး (Uniteam Marine)၊ မကေသွယ်ဦး (အထပြ၊ပြင်စည်) တို့၏ ဦးကြီး၊ မမြတ်သဒ္ဒါကျော်၏ အဘိုးသည် ၁၂–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၆–၂၀၀၄ (တနင်္လာနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (ဒဂုံမြောက်ပိုင်းနေအိမ်မှ ကားများ မွန်းလွဲ ၂နာရီ ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

နေပြည်တော်မြို့နယ်အသင်း

လဝန်း အသက်(၈)လ

နေပြည်တော်မြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်(ရွှေဟင်္သာ)၏ မြေး၊ ရာသက်ပန်အသင်းဝင် ကိုညီညီလွင်–မခင်မျိုးမြတ်တို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသမီးလေး လဝန်းသည် ၁၂–၆–၂၀၀၄ရက်တွင် ရန်ကုန်မြို့ ကလေးအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ဖခင်အမည်မှန်

သံဖြူဇရပ်မြို့၊ အထက(၁)၊ န၀မတန်း (က)မှ မခင်ဦးမွန်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော် [၁၀/သဖရ(နိုင်)၀၇၅၉၅၅] ဖြစ်ပါကြောင်း။ **ဦးခင်ဇော်။**

ရန်ကုန်တိုင်းအမျိုးသမီးရေးရာ စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံ နက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့ တို့ ပူးပေါင်းဖွင့်လှစ်မည့် ကွန်ပျူတာဇာတာဖတ်နည်း၊ ဟောနည်းသင်တန်း

သင်တန်းစတင်မည့်ရက်	– ၂၀–၆–၂၀၀၄
သင်တန်းဖွင့်လှစ်မည့်နေရာ	– G5၊၅လွှာ၊ ညောင်ပင်လေးဈေး၊ လသာမြို့နယ်။
နည်းပြများ	–ဦးထွန်းလင်း၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်မြင့်မြင့်သွယ်၊
သင်တန်းချိန်	–နံနက်(၇)နာရီမှ (၉)နာရီ၊ညနေ(၅)နာရီမှ(၇)နာရီ
သင်တန်းကာလ	– (၁၅)ရက် နေ့စဉ်တက်
ပညာအရည်အချင်း	– အခြေခံပညာအထက်တန်း
သင်တန်းသားဦးရေ	– (၅၀)ဦး၊ အမျိုးသမီးများသာ
လျှောက်လွှာစတင်ရောင်းမည့်ရက်	– ၁၅–၆–၂၀၀၄
လျှောက်လွှာပိတ်ရက်	– ၁၉–၆–၂၀၀၄

မြန်မာနိုင်ငံနက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့

အမှတ်၁၃/ဈ၊ မျက်နှာစာတန်း၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မိုးရာသီ ယာဉ်မောင်းလျှင်

အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။

၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။

၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင်လမ်းချော်နိုင်သည်။

၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။

၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။

၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။

၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။

၈။ ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။

၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။

၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များဖိတ်စဉ်မှု မရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးမြသွင်

အသက်(၈၇)နှစ်

အငြိမ်းစားကျောင်းဆရာကြီး

အထက(၁)လမ်းမတော် (ယခင်စိန့်ဂျွန်းကျောင်း)

အထက(၁)တောင်ဥက္ကလာပ (ဒေးဒရဲ)

တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၄၃၃)နေ (ဦးဘိုးထူး–ဒေါ်စိန်)တို့၏သား၊ ဦးခေမာစာရ (ခမ္မာစရိယ ဘီအေ)မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်း၏ ရဟန်းဒါယိကာမ (ဒေါ်ခင်မြို့)၏ခင်ပွန်း၊ ဦးတင်လတ်ထွန်း–ဒေါ်အေးအေးသွင်(ဘ–ခ–ရ)၊ ဦးမျိုးသွင်–ဒေါ်ခင်လှလှ၊ ဦးကျော်စိုးသွင်၊ ဒေါ်ပြုံးပြုံးသွင်(ရေနံဓာတု)၊ ဦးအောင်မိုးသွင်–ဒေါ်ဟီတိုမိ၊ ဒေါ်ချိုချိုသွင်(ကန်တော်ကြီးပဲလေ့(စ်)ဟိုတယ်)၊ မစုစန္ဒာသွင်တို့၏ဖခင်၊ မခင်မေမွန် (မအူပင်၊G.T.C)၊ မအေးမြသီရိ (IIC, Y.T.T.C)၊ မောင်ရဲလင်းခန့်တို့၏ အဘိုးသည်၁၃–၆–၂၀၀၄ရက် နံနက် ၃း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄ရက်(အင်္ဂါနေ့)၊ ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဗိုလ်ကြီးမင်းလွင်(ငြိမ်း)

အသက်(၇၆)နှစ်

ကျောင်းကုန်းမြို့

(ဦးမောင်လှ–ဒေါ်စိန်)တို့၏သား၊ ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့၊ အမှတ်(၁) ရပ်ကွက်၊ကမ်းနားလမ်းနေ ဒေါ်ခင်ငြိမ်း၏ ခင်ပွန်း၊ ဒေါ်ချိုချိုလွင်–ဦးစိုးဝင်း၊ ဒေါ်မဥ္ဇူသိမ်း–ဦးငွေသိမ်း (A.C.E. ဆောက်လုပ်ရေး)၊ဦးမင်းသိန်း–ဒေါ်မို့မို့ခိုင်၊ဒေါ်ဌေးဌေးလွင် – ဦးညီညီလွင် (မြို့နယ်တရားရုံး၊ ကျောင်းကုန်းမြို့)၊ ဒေါ်သက်မာလွင်–ဒုအရာခံဗိုလ်မျိုးမြင့်ထွေး၊ ဒေါ်မူမူလွင်–ဦးဝင်းဇော်၊ ဦးအေးမင်း(ငါးလုပ်ငန်းဦးစီး၊ကျောင်းကုန်း)–ဒေါ်အေးအေးရှိန်၊ ဒေါ်အေးအေးခိုင်–ဦးတင်ထွန်းအောင်တို့၏ဖခင်၊ မြေး၁၇ယောက်၊မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၀–၆–၂၀၀၄ရက်တွင် အာရုတော်ဝင်နှလုံးအထူးကု ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂–၆–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။

ကျေးဇူးတင်ရှိခြင်း

ဈာပနတွင် လိုက်ပါပို့ဆောင်ကြသော ရန်ကုန်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျောင်းကုန်းမြို့မှ မိတ်သင်္ဂဟ အပေါင်းအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းဟန်(ခ)ဦးသံလုံး

အသက်(၇၂)နှစ်

(ပန်းတောင်း)

ပဲခူးတိုင်း၊ ပန်းတောင်းမြို့နေ (ဦးဒီဘိုး–ဒေါ်မှတ်)တို့၏ သားကြီး၊ ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ် (၅/၁/၁၁၀) ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဒေါ်အေးသင်၏ခင်ပွန်း ဦးသိန်းဟန်(ခ)ဦးသံလုံးသည် ၁၂–၆–၂၀၀၄ ရက် တွင် ကွယ်လွန်သွားပါ၍ ၁၄–၆–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါ။

အမှုဆောင်အဖွဲ့။

မကေသီဌေး

အသက်(၂၇)နှစ်

B.Sc (Physics)

(မုံရွာ)

မုံရွာမြို့၊ ရုံးကြီးရပ်၊ ခါးပန်းနီလမ်း၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၁၅)၊ သုခလမ်းနေ ဦးသန်းဌေး–ဒေါ်အုန်းပိုတို့၏ သမီး၊ ကိုသန်းဦး–မယုယုသန်းတို့၏ ညီမ၊ မကေသွယ်ဌေး၏ အစ်မသည် ၁၂–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၆–၂၀၀၄(တနင်္လာနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ၃း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးကျော်ညွန့် (၇၈)နှစ်

မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက

ကြေးမုံ၊ မြန်မာ့အလင်း၊ ရတနာပုံ၊ မြို့တော်သတင်း

သတင်းထောက်၊ တိုက်ကြီးမြို့နယ် သတင်းစာကိုယ်စားလှယ်

ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်နေ (ဦးတင်ကလေး–ဒေါ်စိန်)တို့၏ သား၊ ပေါင်းတည်မြို့နယ် သတင်းစာ ကိုယ်စားလှယ် ဒေါ်ခင်ဦး၏ အစ်ကို၊ တိုက်ကြီးမြို့၊ ရွာတန်းရှည်(၂)လမ်းနေ ရဲတပ်ကြပ်ကြီး ဦးတင်ဝင်း (အမှတ်–၃၊ ရဲတပ်ရင်း ဆေးခန်း တာဝန်ခံ)–ဒေါ်စန်းစန်းရီတို့၏ ဦးလေး၊ဥူးကဝိန္ဒ(မြစိမ်းတောင်ကျောင်း)၊ မန္တလေးမြို့နေ ဦးအောင်အောင်–ဒေါ်တင်တင်ထွေး၊ တိုက်ကြီးမြို့နေ ကိုမြဦး–မအေးအေးညွန့်၊ တိုက်ကြီးမြို့နယ်သတင်းထောက် ကိုမျိုးမင်းသူ–မကြူကြူသင်း(ခန့်ရောင်စုံဓာတ်ပုံ)တို့၏ ဖခင်၊ မြေး၁၂ယောက်တို့၏ အဘိုး၊ (ဒေါ်သောင်းမြင့်)၏ခင်ပွန်း ဦးကျော်ညွန့်သည် ၁၂–၆–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍၁၄–၆–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် တိုက်ကြီးမြို့၊ ရွာတန်းရှည်(၂) လမ်းနေအိမ်မှ သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ၊ ကျောင်းဒါယကာ

ဗိုလ်ကြီးသန်းကြွယ်(ငြိမ်း)

အသက်(၇၈)နှစ်

(မအူပင်/စစ်ချောင်း)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး(၅)လမ်း၊ အမှတ်(၇၁)နေ (ဦးတင့်–ဒေါ်အုန်းခက်)တို့၏ သားကြီး၊ ဒေါ်တင်တင်ချစ်၏ ခင်ပွန်း၊ ဦးအုန်းမြင့် (R/O K.L Shippig HK)–ဒေါ်ကျင်စန်း၊ ဦးလေးနိုင်ထွန်း(Rep Petrol Serve Shippig Co., Ltd)–ဒေါ်အေးအေးမြင့်မောင်၊ ဦးသန်းချစ်ကြွယ် (Bosun Sea Green Co.)–ဒေါ်နုနုရီ၊ Mr. Rolf Rod–ဒေါ်ခင်မြင့်မြင့်ကြွယ်၊ ဦးအေးအုန်းကြွယ်–ဒေါ်ပွင့်မာ၊ ဦးတင်ထွန်းကြွယ်–ဒေါ်နိုင်နိုင်မော်၊ (မောင်စိုးနိုင်)တို့၏ ဖခင်၊ ကိုမင်းမင်းကဲသောင်း–မသတိုးဆွေ၊ မောင်အောင်အောင်၊ မြေး ၁၁ယောက်၊မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၅–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မြစ်ကြီးနားအသင်း

ဒေါ်ခင်အေး(ခ)ဒေါ်ခင်ခင်အေး

အသက်(၆၇)နှစ်

အလက–၄၊ မြစ်ကြီးနား(ငြိမ်း)

မိုးကောင်းမြို့(မြန်မာ့မီးရထားဌာန) ဦးရဲမြင့်(T.C)–ဒေါ်ဝင်းမေ၊ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၃–F)၊ မီးရထားဝင်းနေ ဦးဇော်ဝင်း (ပုဇွန်တောင်ကုန်ရုံ)–ဒေါ်အေးအေးထွန်းတို့၏မိခင်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေသံလွင်လမ်း(82–A)နေ (ဒုတိယဗိုလ်မှူးကြီးခင်မောင်ချို)–ဒေါ်ခင်ရီတို့၏ညီမသည်၁၂–၆–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၄–၆–၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသက်ခိုင်(ခ)ဦးဖြူ

အသက်(၅၈)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အမှတ်(၃၁)၊ ဦးဖိုးထွန်းလမ်းနေ (ဦးစောမောင်)–ဒေါ်မြသီတို့၏ သား၊ ဒေါ်ခင်အေးအေး၏ခင်ပွန်း၊ မဆွေမာတိုး၊ မခင်သီတာတိုး၊ မဇင်မာတိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ (ဦးတိုးအောင်)၏ ညီ၊ (ဦးသိန်းတိုး)၊ ဦးဇော်မောင်၊ ဦးမင်းမောင်တို့၏ အစ်ကိုဦးသက်ခိုင်(ခ) ဦးဖြူသည် ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၆–၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တောင်ကြီးအသင်း(ရန်ကုန်)

ဒေါ်စဝ်ပု (၉၇)နှစ်

အသင်းဝင် ဒေါ်စဝ်ပုသည် ၁၂–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၆–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ဒေါ်လှလှဝင်း(ခ)ဒေါ်အမာ

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လိပ်ကန်လမ်း၊ အမှတ်(၆၈)နေ (ဦးဘထွန်း–ဒေါ်ငွေရင်)တို့၏ သမီး၊ ဦးလှရွှေ(တပ်မတော်အရာရှိ–ငြိမ်း၊ ကကဆက်)၏ ဇနီး၊ ဦးဇော်ဝင်း (C/E HUB Shipping Co.)–ဒေါ်မြင့်မြင့်သန်း (စက်မှု/စားကုန်–ငြိမ်း)၊ ဦးအောင်ခိုင်၊ ဒေါ်စန်းစန်းဝင်း (လ/ထမန်နေဂျာ၊ အာမခံ)၊ ဗိုလ်မှူးသိန်းဝင်း(ကျိုင်းတုံ)–ဒေါ်မြင့်မြင့်(MPPE)၊ ဦးမျိုးဝင်း(နယ်စပ်/စည်ပင်)–ဒေါ်လှဲလှဲဝင်း(အာမခံ)၊ ဦးကျော်ကျော်ဝင်း (R/O)–ဒေါ်ချိုချို (MPPE) တို့၏မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွား၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလှူသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်သန်း(ခ)ဒေါ်စဘုရာဘီ

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်အောင်လမ်း၊ အမှတ်(၁၇)နေ (ဦးနိုင်နာမိုဟာမက်)၏ ဇနီး၊(ဦးအေးမောင်)၊ ဦးလှသိန်း(ရေကျော်ဈေး) နှင့် သားသမီး၁၀ယောက်တို့၏ မိခင်၊မြေး၂ယောက်မြစ်သုံးယောက်တို့၏ အဘွားသည် ၁၂–၆–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့တွင် ရေဝေးမွတ်စလင်ဥယျာဉ် တော်၌ ဒါဖနာပြီးစီးပါကြောင်း။ကျန်ရစ်သူမိသားစု။

ဦးတင်စိန်(ကျိုက်လတ်)

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ပါရမီကွန်ဒို၊ တိုက်(၁၂–၁)၊ အခန်း(၁၀၀၃)၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးအောင်သိန်း–ဒေါ်အေးမိ)တို့၏ သားလတ်၊ ဒေါ်ကြည်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းမြင့်၊ ဒေါ်ကျင်မြ၊ ဒေါ်မြဟန်၊ ဦးကျော်စိုး၊ ဦးစန်းမောင်တို့၏ ညီ/မောင်၊ ဒေါ်စန်း၏အစ်ကို၊ မရီရီချို(ဧည့်လမ်းညွှန်၊ အီတာလျံ)၊ ကိုသန်းဇော်–မရီရီခိုင်၊ မောင်သိန်းဇော်ဦး၊ မောင်ဝင်းဇော်ထွန်း၊ မောင်ရန်နိုင်လင်းတို့၏ချစ်လှစွာသောဖခင်၊ နှင်းဝတ်ရည်ဇော်၏အဘိုးသည်၁၂–၆–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄–၆–၂၀၀၄(တနင်္လာနေ့) ညနေ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထိန်လင်း(၅၄)နှစ်

A.G.T.I(EP)1971

M.MES(EP)

အမှုဆောင်အင်ဂျင်နီယာ(ခ)

ရန်ကုန်ပင်မဓာတ်အားခွဲရုံ

(လှော်ကား)

ရန်ကုန်မြို့၊အမှတ်(၉၅၃)၊ အောင်မင်္ဂလာလမ်း၊ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးမြမောင်–ဒေါ်သန်းရီ)တို့၏ သား၊ (ဦးမျိုးချစ်)–ဒေါ်သင်းကြူတို့၏ သား သမက်၊ ဒေါ်ခင်နုမြူ၏ခင်ပွန်း၊ မထက် ထက်လင်း(အမက–၃၊အင်းစိန်)၊ မယုယုလင်း (အမက–၃၊အင်းစိန်)တို့၏ ဖခင်သည် ၁၂–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၁၄–၆–၂၀၀၄(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမ

နန်းဖြူဖြူဝင်း(ခ)ဖြူဖြူဝင်း

အသက်(၄၄)နှစ်

(ဦးမောင်လေး–ဒေါ်စိန်ရင်)တို့၏ သမီး၊ (ဦးခင်မောင်မြင့်–ဒေါ်သန်းသန်း)တို့၏သမီးချွေးမ၊ဒေါ်သိန်းသိန်း၏ တူမ၊ မလှလှဝင်း၊ကိုမောင်ရွှေတို့၏ညီမ၊ ကိုမြင့်ခိုင်–မအေးအေးနိုင်တို့၏အစ်မ၊ သာကေတမြို့၊(၇)အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့ (၂)လမ်း၊အမှတ်(၂၄)နေကိုအောင်ဇော်မင်း၏ ဇနီး၊ မောင်ကျော်ဇင်သက်၏ မိခင်သည် ၁၂–၆–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၄–၆–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ဒါယိကာမကြီး

ဒေါ်စဝ်ပု

အသက်(၉၇)နှစ်

(တောင်ကြီး)

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့၊ သာစည်ရပ်နေ (သခင် စဝ်ဘိုးမြ–သခင်မစဝ်အယ်)တို့၏ သမီးကြီး၊ ဘော်ဆိုင်းမြို့နေ (ဘုရား၊ ကျောင်း၊သိမ်၊ ကန်ကြီးဒါယကာ ဦးတန်ဘိုးရင်–ဒေါ်တော်)တို့၏ သမီးချွေးမ၊ (ဦးစစ်စံ)၏ ဇနီး၊ (ဒေါ်စဝ်နွံ)၊(ဒေါ်စဝ် မြစိန်)၊(ဒေါ်စဝ်မြတင်)၊ ဦးစပ်ရွှေကြည် (ဆီဆိုင်မြို့နယ်၊မြို့ပိုင်ကြီး၊ ငြိမ်း)၊ ဒေါ်စဝ် လှကြည်တို့၏ အစ်မကြီး၊ ဦးကျော်မြင့် (IIO CO., Ltd)–ဒေါ်မြတင်၊ ဦးမောင်မောင်လဒ်–ဒေါ်စန်းညွန့်၊ ဦးစိုင်းကျော် စိန်–ဒေါ်ခင်ညွန့်ကြည်၊ ဦးညွန့်လွင်(တပ်မတော်–လေ)–ဒေါ်ခင်နွဲ့ရီ၊ (ဦးဘဝင်း၊ အခွန်ဦးစီးမှူး)–ဒေါ်ခင်မကြီး၊ ဦးကျော်သိန်း (အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း)–ဒေါ်ခင်ထွေးကြည်၊ (ဗိုလ်ကြီး နေဝင်း)–ဒေါ်ခင်ဝင်းကြည်၊ (ထောင်မှူးဦးမြင့်အောင်)–ဒေါ်နန်းအေးနုနု၊ ဒေါ်နန်းခမ်းဝါ–ဦးအောင်ဇေယျာတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး၃၆ ယောက်တို့၏ အဘွားသည် ရန်ကုန်မြို့၊ တိုက်(၃)အခန်း(၄၀၄)၊ ကျိတော်အိမ်ရာ၊ ကျိတော်မှော်ရုံလမ်း၊ ပုဇွန်တောင်မြို့နယ် နေအိမ်၌၁၂–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၄–၆–၂၀၀၄ရက် နံနက်၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေး(ခ)ဒေါ်ခင်ခင်အေး

အသက်(၆၇)နှစ်

အလက–၄၊ မြစ်ကြီးနား(ငြိမ်း)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၃/F)၊ မီးရထားဝင်းနေ ဦးရဲမြင့်–ဒေါ်ဝင်းဝင်းမေ၊ ဦးဇော်ဝင်း–ဒေါ်အေးအေး (ခ) ဒေါ်အေးအေးထွန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွား ဒေါ်ခင်အေး(ခ)ဒေါ်ခင်ခင်အေးသည်၁၂–၆–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄–၆–၂၀၀၄(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ၃း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစံမြိုင်

အသက်(၅၃)နှစ်

ကြည်း–၁၆၉၉၇

OTS-62

မော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ (ဦးချစ်တီး–ဒေါ်လုံးပု)တို့၏သား၊ (ဦးချစ်မောင်–ဒေါ်ခင်ကြည်)တို့၏သားမက်၊ ဒေါ်ခင်မြင့်မြင့်သန်း၏ ခင်ပွန်း၊ ဦးမောင်မောင်ထွေး (လ/ထအင်ဂျင်နီယာ၊ကညန၊မော်လမြိုင်)–ဒေါ်သန်းသန်းဆွေ(လ/ထမန်နေဂျာ မတယရုံးချုပ်၊စက်မှု–၂)တို့၏ အစ်ကို၊ မခိုင်အိအိစံ၊မောင်ထက်အောင်စံ၊ မောင်ဖြိုးဝေစံတို့၏ဖခင်သည်၁၂–၆–၂၀၀၄(စနေနေ့) ညနေ၅း၅၀နာရီတွင် ကွယ်လွန်ပါ၍ ၁၄–၆–၂၀၀၄(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီးမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရွှေညဩ ဦးလှအုန်း

အသက်(၅၁)နှစ်

ရွှေပဒေသာဇာတ်အဖွဲ့

ဒေးဒရဲမြို့နယ်၊ ခနဲကုန်းကျေးရွာနေ (ဦးထွန်းရှိန်)–ဒေါ်မြင့်တို့၏သား၊ ဖျာပုံမြို့နယ် ထီးတန်ကျေးရွာနေ ဦးဟန်ထွန်း–ဒေါ်ရီရီသန်းတို့၏ သားသမက် မခင်ရီဦး၏ ခင်ပွန်း၊ မငုဝါလှိုင်၊ မောင်ညီဇော်အောင်၊မောင်မျိုးမင်းထွန်းတို့၏ ဖခင်သည် ၁၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၁၄–၆–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [အမှတ်(၄၆)ရတနာလမ်း (၂)ရပ်ကွက် ဝေဘာဂီမြို့သစ်နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်မေဇာဥာဏီ

သိက္ခာတော်(၆၆)ဝါ

သက်တော်(၈၂)နှစ်

(မအူပင်)

ဧရာဝတီတိုင်း၊ မအူပင်မြို့၊သုစိတ္တာသာသနရံသီ စာသင်တိုက်၊ တိုက်ကြပ်ဆရာကြီး၊ မအူပင်မြို့၊ မြို့လယ်ကျောင်းတိုက်၊ ဦးဣသရိယ(သာသနဓဇ မဟာစရိယ)၏ ရဟန်းအမ၊ ရွှေတောင်မော်ရွာနေဦးအုံကြီး–ဒေါ်ရွှေတို့၏သမီး ဒေါ်မေဓာဥာဏီသည် ၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ရက်၊ ၁၃–၆–၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၁၃ရက်၊ ၁၅–၆–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မအူပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်များ၊ ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

သုစိတ္တာသာသနရံသီစာသင်တိုက်၊ မအူပင်မြို့။

ဒေါ်အေးသန့်

အသက်(၈၇)နှစ်

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၁၆၈)နေ(ဦးပါ)၏ဇနီး၊ ဒါးပိန်မြို့နေ ဦးတင်ဝင်း–(ဒေါ်ခင်ပု)တို့၏အစ်မ၊ (ဦးကြည်ထွန်း)–ဒေါ်ရီရီ၊ (ဦးသိန်းအောင်)–ဒေါ်မြမြကြည်(ဗဟိုစာရင်းရုံး)၊ ဦးကြည်သိန်း(ကကဌ)–ဒေါ်မြင့်မြင့်သန်း၊ဦးဝင်းလှိုင်(ဦးဝင်းကြည်)–ဒေါ်အေးအေး၊ ဦးဝင်းငွေ(ခ)ဦးလှမြင့်–ဒေါ်အေးမြင့်ထွေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုကျော်စွာမိုး–မခင်မင်းသက်၊ ကိုတင်ဦး–မအေးစန္ဒာထွန်း၊ ကိုထွန်းလင်းအောင်–မနီနီလွင်၊ မချိုမင်းသက်၊ မောင်အောင်မျိုးထွန်း၊ မောင်ကျော်လင်းထက်၊မောင်တေဇာလင်းထက်၊မောင်မြတ်သူထွန်း–မခင်သန်းနွဲ့၊ မောင်ဇော်မျိုးထက်၊ မနေခြည်လင်းထက်၊ မအိနှင်းစိုး၊ မောင်မာယဖြိုး၊ မခင်သူဇာလင်းတို့၏ အဘွားသည် ၁၃–၆–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးသောင်းရွှေ(၆၈)နှစ်

ကျိုက္ကစံစေတီတော်ဂေါပက အတွင်းရေးမှူး (လပွတ္တာ)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မိဂသီလမ်း၊ အမှတ်(၃၆၅–က)နေ (ဦးမောင်ကြီး–ဒေါ်စောမြ)တို့၏သား၊ဦးထွန်းအောင်–(ဒေါ်ကျင်နု)တို့၏သားသမက်၊ (ဒေါ်မြင့်မြင့်ကြည်)၏ခင်ပွန်း၊ ကိုဌေးညွန့်စိုး၊ ကိုညီညီအောင်–မရိုးမိုးလှိုင်တို့၏ဖခင်သည်၁၂–၆–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၄–၆–၂၀၀၄(တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးစိုးလွင်(ခ)စိန်ဗိုလ်ကြီး

အသက်(၅၈)နှစ်

(ဟင်္သာတ)

ဟင်္သာတမြို့နေ(ဦးစိန်အောင်–ဒေါ်မမ)တို့၏သား၊ (ဦးစစ်တွေ–ဒေါ်ကျင် မြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၆၅၉)၊စေတုတ္တရာလမ်း(၃၅) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေမနွယ်နီလွင်၊ မအေးမီလွင်၊မသင်းကြည်လွင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်သိန်း၏ခင်ပွန်း ဦးစိုးလွင်(ခ)စိန်ဗိုလ်ကြီးသည် ၁၃–၆–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄(အင်္ဂါနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ ကြေးနန်းလိပ်စာ၊ ကြေးမုံ၊ စာတည်းမှူး၊ စာတည်းများ ၂၉၃၈၇၁၊ သတင်းထောက်များ၊ ကြော်ငြာ၊ စီမံ၊ ဖြန့်ချိရေး ... R/184

လက်တွဲ ဝန်းရံ အမျိုးသား ညီလာခံ

ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး နမ့်ခမ်းမြို့နယ် ဆင်းရွှေလီ နွေစပါးစံပြကွက် ကောက်ရိတ်ပွဲတော် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အတူ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၀ရက် နံနက်ပိုင်းတွင် မူဆယ်မြို့မှ ထွက်ခွာလာရာ နမ့်ခမ်းမြို့သို့ ရောက်ရှိကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ၂၀၀၃–၂၀၀၄ခုနှစ် ဆင်းရွှေလီ အဆင့်မြင့် နွေစပါးတစ်ဧက တင်း ၂၀၀ စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻

ကောက်ရိတ်ပွဲတော် ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ဆင်းရွှေလီ အဆင့်မြင့် နွေစပါးစံပြကွက် ကောက်ရိတ်ပွဲတော်တွင် လှည့်လည်ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)

ပွဲကြီးပွဲကောင်းဖြစ်မည့် အီတလီနှင့် ဒိန်းမတ်ပွဲ

သတင်းဆောင်းပါး ဂမ်ဆိုင်း

ရန်ကုန် ဇွန် ၁၃

ယူရို–၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)၏ ပွဲဦးထွက် ပွဲများကို ယနေ့ဆက်လက်ယှဉ်ပြိုင်ကစားကြမည်။ ကစားမည့်အသင်းများမှာ ဒိန်းမတ်နှင့် အီတလီ၊ ဆွီဒင်နှင့် ဘူဂေးရီးယားတို့ဖြစ်သည်။

ဇွန် ၁၄ ရက် (တနင်္လာနေ့)
ည ၁၀း၃၀ နာရီ
ဒိန်းမတ်–အီတလီ

ဒိန်းမတ်သည် တိုင်းပြည်ကငယ်သော်လည်း ဘောလုံးအင်အားကြီးသည်။ ဥရောပတစ်လွှားရှိ အသင်းတိုင်းက ဒိန်းမတ်ကို စိုးရွံ့ကြသည်။ မည်သည့်အသင်းတွေ့တွေ့ မကြောက်မရွံ့ ကစားတတ်သောအသင်းလည်းဖြစ်သည်။ ဥရောပချန်ပီယံဖလားကို ၁၉၉၂ ခုနှစ်ကတစ်ကြိမ် ဆွတ်ခူးရရှိခဲ့ဖူးသည်။ ထို့ကြောင့် ဒိန်းမတ်သည် ဥရောပဖလားပြိုင်ပွဲတွင် အစဉ်အလာရှိသည်ဟု ဆိုနိုင်သည်။

အုပ်စုခြေစစ်ပွဲတွင် ဒိန်းမတ်သည် နော်ဝေ၊ ရိုမေးနီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ လူဇင်ဘတ်အသင်းတို့နှင့် ကစားခဲ့ရသည်။ အုပ်စုပထမနှင့် နောက်ဆုံးအဆင့်သို့ တက်လာသောအသင်းဖြစ်သည်။ ခြေစစ်ပွဲတွင် တစ်ပွဲသာ ရှုံးနိမ့်ခဲ့သည်။

နည်းပြဆရာ မော်တန်အိုဆန်သည် ဒိန်းမတ်အသင်းကို ၄–၄–၂ ပုံစံချ၍ ကစားလိမ့်မည်။ သို့သော် ပြိုင်ဘက်အသင်း၏ အခြေအနေကိုကြည့်ပြီး ၄–၂–၃–၁ ဖြစ်ဖြစ်၊ ၄–၃–၁–၂ ဖြစ်ဖြစ် ပြောင်းလဲကစားရန် စီစဉ်ထားသည်။ ဒိန်းမတ်အသင်းသည် နောက်တန်းလေးယောက် ကစားသောစနစ်တွင် ကျွမ်းကျင်ပိုင်နိုင်ကြသည်။ ထို့ကြောင့် ဒိန်းမတ်၏နောက်တန်းသည် အစဉ်အမြဲ တောင့်တင်းနေတတ်သည်။

ယူရို–၂၀၀၄ ဒိန်းမတ်အသင်းမှာ ကမ္ဘာ့ဖလားမှ ကစားသမားများလည်း ပြန်ပါလာသည်။ ကမ္ဘာ့ဖလားတွင် ပြင်သစ်အသင်းကို စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍

ဆွစ်ဇာလန်နှင့် ခရိုအေးရှားပွဲ သရေပွဲ

ရန်ကုန် ဇွန် ၁၃

ဆွစ်ဇာလန်–ဂိုးမရှိ။
ခရိုအေးရှား–ဂိုးမရှိ။

(ကြေးမုံ)

မစ်ဒယ်ဝိတ်တန်း လူရွေးပွဲတွင် ချန်ပီယံ ရွှေဆိုင်း(ဝဲ)နှင့် ဝမ်ချိုင်း(ယာ)တို့ သူတင်ကိုယ်တင် အကြိတ်အနယ် ရင်ဆိုင်ယှဉ်ပြိုင်ကြစဉ်။

ဓာတ်ပုံ–စိုးညွှန့် (ကြေးမုံ)

ယူရို–၂၀၀၄ အုပ်စု(က) စပိန် တစ်ဂိုး–ရုရှား ဂိုးမရှိ

ရန်ကုန် ဇွန် ၁၃

၂၀၀၄ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲ (ယူရို–၂၀၀၄) ဘောလုံးပြိုင်ပွဲကို ပေါ်တူဂီနိုင်ငံတွင် ကျင်းပလျက်ရှိရာ ယနေ့ နံနက် ၁နာရီ ၁၅မိနစ်က ယှဉ်ပြိုင်ကစားခဲ့ကြသည့် အုပ်စု(က)မှ စပိန်နှင့် ရုရှားတို့ပွဲ၌ စပိန်က ခက်ခက်ခဲခဲကစားပြီး တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အုပ်စု(က)တွင် ဂရိနှင့်စပိန်တို့ တစ်ပွဲနိုင် သုံးမှတ်စီရရှိပြီး အိမ်ရှင် ပေါ်တူဂီနှင့် ရုရှားတို့ အမှတ်မရသေးဘဲ ရှိနေရာ လက်ကျန်ပွဲ အနိုင်ရရှိရေး အရေးပါလျက်ရှိသည်။ (ကြေးမုံ)

ရုရှားကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီးနောက် အောင်ပွဲခံ ပျော်မြူးနေသော စပိန်အသင်းသားများ။ (အင်တာနက်)

နာမည်ကြီးဝမ်ချိုင်း ရွှေဆိုင်းကို မယှဉ်နိုင် ရွှေဆိုင်း၏ကန်ချက်ကြောင့် ဝမ်ချိုင်း ဒူးလည်ပြီးရှုံး

ရန်ကုန် ဇွန် ၁၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့၏ ကြီးကြပ်မှုဖြင့် နိုင်ငံတကာပွဲအတွက် မြန်မာ့ရိုးရာလက်ဝှေ့ လက်ရည်စစ်လူရွေးပွဲကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏပိုက်ကျော်ခြင်း အားကစားရုံ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

သရေပွဲ

သုံးချီပွဲနှင့် လေးချီ အထူးစိန်ခေါ်ပွဲများမှာ သရေပွဲများသာဖြစ်ပြီး အမှတ်(၈) အထူးစိန်ခေါ်ပွဲကို ယှဉ်ပြိုင်ကြသော စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✥